# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၆၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မှူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၆၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၈၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၃ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၂ ရက်၊

(၄) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၅ ရက်၊

(၅) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၅ ရက်၊

**မှုကြမ်း**

(၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၈) လာရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၃၁ ရက်၊

(၉) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၁၀) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၂ ရက်၊

(၁၁) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၃ ရက်၊

(၁၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၁၃) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၄) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊

(၁၅) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၃ ရက်၊

(၁၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၇) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၁၈) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၃ ရက်၊

(၁၉) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၂၀) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၂၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်၊

(၂၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၂၃) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၅ ရက်၊

(၂၄) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၂၅) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်၊

(၂၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၇) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၂၈) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၁ ရက်၊

(၂၉) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၂ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ပိုင်ဦး ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်၊

(၃၃) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၃ ရက်၊

(၃၄) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၃၅) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၂ ရက်၊

(၃၆) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၃၇) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၃ ရက်၊

(၃၈) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၃ ရက်၊

(၃၉) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၄၀) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၄၁) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၄၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၄၃) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၄၄) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၃ ရက်၊

(၄၅) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၃ ရက်၊

(၄၆) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ် ခွင့် ၃ ရက်နှင့်

(၄၇) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မင်းတပ်မြို့နှင့် မတူပီမြို့ကို ဆက်သွယ်သည့် မင်းတပ်-အောက်ချိုင်-မားတူ-အမ်းဆွေ-မတူပီမော်တော်ကားလမ်းအား ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်နှင့် အောက်ချိုင်ရွာနှင့် မားတူရွာအကြားရှိ လည်မြို့ချောင်းတွင် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနမှ လူကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နှင့် မတူပီမြို့ကိုဆက်သွယ်သည့် မင်းတပ်-အောက်ချိုင်-မားတူ-အမ်းဆွေ-မတူပီ မော်တော်ကားလမ်းအား ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိနှင့် လည်မြို့ချောင်းမှာ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နှင့် မတူပီမြို့ကို ဆက်သွယ်တဲ့ မင်းတပ်-အောက်ချိုင်-မားတူ-အမ်းဆွေး-မတူပီ မော်တော်ကားလမ်းကို ၂၀၁၅ ခုနှစ်၊ မေလမှာ ဖောက်

လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ လမ်းရဲ့အရှည်ကတော့ ၉၄ မိုင်ရှိပြီးတော့ လမ်းအကျယ်က ၁၈ ပေရှိတဲ့ မြေသားလမ်းအမျိုးအစားဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့် ရခိုင်ပြည်နယ်၊ မြောက်ဦး ခရိုင်တို့ကို ဆက်သွယ်တဲ့ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်တဲ့အခါမှာ အသုံးပြုမယ့် မော်တော်ကား လမ်းလည်း ဖြစ်ပါတယ်။ အဲဒီမှာ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်နှင့် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်ကို ဆက်သွယ်တဲ့မော်တော်ကားလမ်းလို့ ကျွန်တော်တင်ပြပြီးတော့ မေးခွန်းမှာထည့်သွင်းရတဲ့အကြောင်း အရင်းကတော့ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းကို အဆင့်မြှင့်တင်ဆောင်ရွက်ဖို့ အစီအစဉ်ရှိတယ် ဆိုတဲ့အကြောင်းကို ကြိုသိရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ အဓိကခရီးသွားလုပ်ငန်းမှာ အရေး ကြီးတဲ့ဒေသတွေကတော့ ပုဂံ-ညောင်ဦးဒေသ၊ ချင်းပြည်နယ်မှာ နတ်မတောင်အမျိုးသားဥယျာဉ်၊ ရခိုင်ပြည်နယ်မှာ မြောက်ဦးဒေသနဲ့ ဧရာဝတီတိုင်းဒေသကြီးက ငွေဆောင်စသည်အားဖြင့် ထင်ရှားတဲ့ နေရာဒေသတွေမှာ ပြည်တွင်း/ပြည်ပခရီးသွားများ သွားလာလျက်ရှိပါတယ်။ အဲဒီနေရာတွေကို တစ်ခါတည်း ဆက်သွယ်တဲ့လမ်းကြောင်းကတော့ ပုဂံ-ညောင်ဦးကနေ ပခုက္ကူ- ပေါက်- ကျောက်ထု- ဆော-ကန်ပက်လက်-နတ်မတောင်အမျိုးသားဥယျာဉ်၊ နောက် မင်းတပ်ကနေပြီးတော့ အောက်ချိုင်- မားတူ၊ ရခိုင်ပြည်နယ်က မြောက်ဦး-စစ်တွေ- ငပလီတို့၊ ငွေဆောင်တို့၊ ပြည်မှာရှိတဲ့ သရေခေတ္တရာ မြို့ဟောင်းတွေကို ဒီလမ်းကြောင်းတစ်ကြောင်းတည်းနဲ့ သွားလာလေ့လာနိုင်တဲ့ ခရီးလမ်းကြောင်း ဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းကို ဖောက်တဲ့အခါမှာ မင်းတပ်ခရိုင်နှင့် ရခိုင်ပြည်နယ်ရဲ့ မြောက်ဦး ခရိုင်ကို ဆက်သွယ်တဲ့မော်တော်ကားလမ်း ဖောက်လုပ်သွားမယ်ဆိုရင်တော့ ရာသီမရွေး ကျွန်တော်တို့ ခရီးသွားလုပ်ငန်းအတွက် အများကြီးအသုံးပြုနိုင်တဲ့ လမ်းကြောင်းတစ်ကြောင်းဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်ဒီနေရာကို ထည့်သွင်းပြီးတော့ ဖော်ပြရခြင်းဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါ တယ်။ အဲဒီမှာအဓိကမေးမြန်းလိုတဲ့ မေးခွန်းက နှစ်ချက်ရှိပါတယ်။ ပထမမေးခွန်းကတော့ မင်းတပ်- အောက်ချိုင်-မားတူ-အမ်းဆွေး-မတူပီ မော်တော်ကားလမ်းကို ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် အဆင့်မြှင့် တင်ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၎င်းမော်တော်ကားလမ်းပေါ်ရှိ အောက်ချိုင်ရွာနှင့်မားတူရွာအကြားရှိ လည်မြို့ချောင်းတွင် သံကူ ကွန်ကရစ်တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေမှ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ တင်ပြဆွေးနွေးပါမယ်ခင်ဗျား။ ချင်းပြည်နယ် မင်းတပ်မြို့နှင့် မတူပီမြို့သို့ ဆက်သွယ်သည့် မင်းတပ်-အောက်ချိုင်-မားတူ-အမ်းဆွေး-မတူပီမြေသားလမ်းဟာ ၁၀၄ မိုင် ၄ ဖာလုံရှိတဲ့အနက်မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ပြီးခဲ့တဲ့နှစ် ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၆၀၅.၅၅၆ သန်းဖြင့် မတူပီမြို့နယ် အတွင်းမှာ အရှည်အားဖြင့် ၂၅ မိုင်နှင့် မင်းတပ်မြို့နယ်အတွင်းမှာ အရှည်အားဖြင့် ၂၆ မိုင် စုစုပေါင်း ၅၁ မိုင်အား ၁၈ ပေအကျယ် မြေသားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၅၅၈ ရှိ ပြည်သူလူထု ၂၇၇၈ ဦးတို့အား အကျိုးပြုခဲ့ပါတယ်။

အဆိုပါ မင်းတပ်မြို့နှင့် မတူပီမြို့သို့ ဆက်သွယ်သည့်မြေသားလမ်းအရှည် ၁၀၄ မိုင် ၄ ဖာလုံ ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ အဆင့်မြှင့်တင်ဆောင်ရွက်ပေး နိုင်ဖို့အတွက်၊ ရေရှည်ထိန်းသိမ်းနိုင်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလိုပါက ချင်းပြည်နယ်၊ ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကန့်ကွက်ရန်မရှိလို့ရှိရင် လွှဲပြောင်းလက်ခံလို့ရပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။ နောက် မင်းတပ်မြို့နယ်မှာရှိတဲ့ မင်းတပ်-အောက်ချိုင်-မားတူ-အမ်းဆွေး- မတူပီ ကားလမ်းမှာ ကြားထဲမှာရှိတဲ့ အောက်ချိုင်ရွာနှင့် မားတူရွာကြားရှိတဲ့ လည်မြို့ချောင်းကူးတံတား ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း သံကူကွန်ကရစ်တံတား တည်ဆောက်မယ်ဆိုရင် ပေ ၄၀၀ ခန့် ရှိတဲ့အတွက်ကြောင့်မို့လို့ ခန့်မှန်းကုန်ကျငွေကျပ်သန်း ၄၀၀ ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ချင်းပြည်နယ် အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်၃၃၁၆.၉၃၁ သန်းကို လမ်းနဲ့ တံတားများအတွက် ခွင့်ပြုထားတာရှိပါ

တယ်။ မင်းတပ်မြို့နယ်အနေနဲ့ဆိုရင်တော့ ၂၀၁၅-၂၀၁၆ ယခုဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၆၆၀.၂၈ သန်း လမ်းတံတားများအတွက် ခွင့်ပြုထားပါတယ်။ မတူပီမြို့နယ်အတွက်ဆိုလို့ရှိရင် ၂၀၁၅-၂၀၁၆ ယခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၉၅.၀၃ သန်း လမ်းတံတားများအတွက် ခွင့်ပြုထားတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မင်းတပ်မြို့နယ်၊ အောက်ချိုင်ရွာနှင့် မားတူရွာကြားမှာရှိတဲ့ လည်မြို့ချောင်းကူးတံတားဟာ သံကူကွန်ကရစ်တံတားပေ ၄၀၀ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားထားခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အဆိုပါ လည်မြို့ချောင်းကူးတံတားဟာ ကျေးရွာချင်းဆက်လမ်းပေါ်မှာ တည်ရှိသော်လည်း အရှည်အားဖြင့် ပေ ၄၀၀ ရှိပြီးတော့ မြစ်ချောင်းများဟာလည်း ရေစီးသန်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တံတားတည်ဆောက်ရာ၌ ကျွမ်းကျင်သောအင်ဂျင်နီယာများ မရှိသည့်အတွက်ကြောင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လုပ်ငန်းအပ်နှံသည့်စနစ်ဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**မိုင်းသော်အနောက်ကျေးရွာအုပ်စုနှင့် အရှေ့ကျေးရွာအုပ်စုအား ပိုင်းခြားထားသည့် နန်းလတ်ချောင်းသစ်သားတံတားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမြန်ပြုပြင်တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ တောင်ကြီးမြို့နယ် မိုင်းသော်အနောက်ကျေးရွာအုပ်စု၊ သိမ်ကုန်းကျေးရွာရဲ့ အရှေ့ဘက် ၂ မိုင် ၂ ဖာလုံခန့်အကွာမှာရှိတဲ့ နန်းလတ်ချောင်းသစ်သားတံတားဟာ မိုင်းသော်အနောက်ကျေးရွာအုပ်စုနှင့် မိုင်းသော်အရှေ့ကျေးရွာအုပ်စုကြား ပိုင်းခြားထားတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ မိုင်းသော်အနောက်ကျေးရွာအုပ်စုအတွင်းရှိ သိမ်ကုန်းပန်းပုန်းတောင်ခြမ်းနှင့် စမ်းချောင်းကျေးရွာများရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်အရေးပါတဲ့ တံတားတစ်စင်းဖြစ်ပြီး မိုင်းသော်အနောက်ကျေးရွာအုပ်စုရှိ ပြည်သူများဟာ အဆိုပါတံတားအားဖြတ်ပြီး မိုင်းသော်အရှေ့ကျေးရွာအုပ်စု တောင်နီမှတစ်ဆင့် တောင်ကြီး၊ အောင်ပန်းမြို့များသို့ ဆက်သွယ်သွားလာလျက်

ရှိပါတယ်။ အဆိုပါဒေသဟာ စီးပွားရေးအချက်အခြာကျတဲ့ ဒေသဖြစ်ပြီး နေ့စဉ်ရာသီထွက်သီးနှံများကို မြို့များသို့ တင်ပို့ရောင်းချရာမှာ လိုအပ်သလောက်တင်ပို့နိုင်ခြင်းမရှိဘဲ တံတားခံနိုင်မှုအပေါ် မူတည်ပြီး ထော်လာဂျီများဖြင့် သုံးတန်၊ လေးတန်ခန့်သာတင်ပို့နေရသောကြောင့် အဆိုပါ ဒေသနေပြည်သူများ များစွာခက်ခဲလျက်ရှိပါတယ်။ နန်းလတ်ချောင်းတံတားဟာ ၁၉၈၀ ခုနှစ်ကတည်းက သိမ်ကုန်းကျေးရွာရဲ့ လူထုအင်အားနဲ့ဆောက်လုပ်ခဲ့ပြီး တံတားရဲ့အရှည်ဟာ ပေ ၁၀၀၊ အကျယ်ဟာ ပေ ၂၀ ခန့်ရှိပါတယ်။ ယခုအခါ အဆိုပါတံတားဟာ သက်တမ်းအားဖြင့် ၃၅ နှစ်ခန့် ကြာမြင့်ပြီဖြစ်တဲ့အတွက်ကြောင့် ယိုယွင်းပျက်စီးလျက်လည်း ရှိနေပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါတံတားအား နိုင်ငံတော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမြန်ဆုံးပြုပြင်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်နဲ့ပတ်သက်ပြီး သိရှိလိုပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်ငွေမှ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ တင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိတဲ့ တောင်နီ-တမံတလင်း-သိမ်ကုန်း-စမ်းချောင်း ကျေးလက်လမ်းပေါ်မှာရှိတဲ့ မိုင်းသော်အနောက်ကျေးရွာအုပ်စုနှင့် မိုင်းသော်အရှေ့ကျေးရွာအုပ်စုတို့ကို ဆက်သွယ်ထားတဲ့ နန်းလတ်ချောင်းတံတားဟာ လက်ရှိအခြေအနေအားဖြင့် ၇၅ ပေအရှည်ရှိပြီးတော့ အကျယ် ၁၂ ပေနဲ့အမြင့် ၁၅ ပေရှိတဲ့ သစ်သားတံတားတစ်စင်းဖြစ်ပါတယ်။ အဲဒီသစ်သားတံတားကို ၁၄ ပေ အကျယ် သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၇၅ သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေအားဖြင့် ၆၇၅၈.၄၃၆ သန်းလမ်းတံတားများကို

ခွင့်ပြုထားပါတယ်။ တောင်ကြီးမြို့နယ်အနေနဲ့ပြောရရင်တော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ယခု ဘဏ္ဍာရေးနှစ်မှာ ၁၁၂.၉ သန်း၊ ကျောက်ချောလမ်း ၁ မိုင် ၃ ဖာလုံအား ဆောင်ရွက်ရန် ခွင့်ပြုထားသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ တောင်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ နန်းလတ်ချောင်းတံတား ဆောက်လုပ်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားထားခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ နန်းလတ်ချောင်းတံတားကို လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း မှတ်သားဆောင်ရွက် ပေးလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အဖြူရောင်ယာယီသက်သေခံကတ် ကိုင်ဆောင်ထားသူများသည် ပန်းရောင်နိုင်ငံသားစိစစ်ရေးကတ်ကို ကိုင်ဆောင်ခွင့်ရပြီးဖြစ်၍ ၎င်းတို့အား မြန်မာနိုင်ငံအတွင်း အခြားနိုင်ငံသားများနည်းတူ လွတ်လပ်စွာ သွားလာခွင့်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံသားအခွင့်အရေးနှင့်ဆိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဒီနေ့ ယာယီသက်သေခံကတ် (အဖြူကတ်)တွေကို နိုင်ငံသားအဖြစ် စိစစ်နေပါတယ်။ အဲဒီလိုအချိန်မှာ မြေပုံမြို့နယ်မှာ ကျွန်တော် ဒီမေးခွန်းကို မေးတာကတော့ (၁) လပိုင်းကဖြစ်ပါတယ်။ ဒီနေ့အချိန်မှာတော့ အဲဒီတုန်းက နိုင်ငံသား အဖြစ်ရရှိထားသူဟာ ၄၀ ဦးပဲရှိပါတယ်။ ဒီနေ့ နောက်ဆုံးအခြေအနေက နိုင်ငံသားအဖြစ်ရရှိထားသူဟာ ၉၇ ဦးဖြစ်ပြီးတော့ ပြုနိုင်ငံသားက ၅၃၀ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို နိုင်ငံသားအခွင့်အရေးကို ရလာတဲ့အခါအမှာ တချိန်က ပြည်သူတွေဟာ ဘယ်သူဘယ်ဝါ၊ ဘယ်ကလာတာမှန်းမသိလို့ နိုင်ငံတော်လုံခြုံရေးအရ ခရီးသွားလာခွင့်ကို ပိတ်ပင်ထားတာကို ကျွန်တော်တို့က နားလည်နိုင်ပေမယ့် ဒီနေ့ နိုင်ငံသားဖြစ်လာတဲ့အချိန်အခါမှာ ဒီလူတွေဟာ နိုင်ငံသားအခွင့်အရေးရပြီးတော့ သူတို့သွားလိုရာ

မိသားစု၊ ဆွေမျိုးသားချင်းရှိတဲ့ဒေသ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များရာဒေသ၊ ဖွံ့ဖြိုး ရာဒေသ၊ နောက်တစ်ခါ အမုန်းမပွား ပန်းစကားတွေနဲ့ ကြိုဆိုနေတဲ့ဒေသ၊ ပြည်မဒေသကို သူတို့ တအားကို လာချင်နေကြပါတယ်ခင်ဗျား။ အဲဒါကြောင့် သူတို့ရဲ့အခွင့်အရေးကို ကျွန်တော်တို့က သူတို့ သွားလိုရာသွားနိုင်အောင် နိုင်ငံသားဥပဒေအရ အခွင့်အရေးပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ မေးခွန်းမှာ ယခင်က အဖြူရောင်ကတ်(သက်သေခံကတ်)ကို ကိုင်ဆောင်ထားသူများအနေဖြင့် ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေအရ ပန်းရောင်နိုင်ငံသားကတ်ကို လွှဲပြောင်းကိုင်ဆောင်ခွင့်ရသည့် နိုင်ငံသား အဖြစ်သို့ အသိအမှတ်ပြုခံရပြီးဖြစ်ရာ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း အခြားနိုင်ငံသားများ နည်းတူ လွတ်လပ်စွာသွားလာနိုင်ခွင့်ရှိ/မရှိ သိလိုပါတယ်။ တစ်ဆက်တစ်စပ်တည်းအားဖြင့် ပြုနိုင်ငံသားတွေအနေနဲ့ရော ဒီအခွင့်အရေးကို ရရှိပါသလားဆိုတာကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက အဖြူရောင်ယာယီသက်သေခံကတ်ကို ကိုင်ဆောင်သူများအနေဖြင့် ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ ပန်းရောင်နိုင်ငံသားစိစစ်ရေး ကတ်ပြားကို လွှဲပြောင်းကိုင်ဆောင်ခွင့်ရပြီး နိုင်ငံသားအဖြစ်သို့ အသိအမှတ်ပြုခံရပြီးဖြစ်ရာ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း အခြားနိုင်ငံသားများနည်းတူ လွတ်လပ်စွာသွားလာခွင့်ရှိ/မရှိတို့ နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အဖြူရောင်ယာယီသက်သေခံကတ်ပြားများကို ၁၉၅၁ ခုနှစ်၊

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများ၏ နည်းဥပဒေ ၁၃ (၁) (ဂ) အရ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းနှင့် မိမိတိုင်းရင်းသားများပင်ဖြစ်သော်လည်း မြန်မာနိုင်ငံနယ်စပ် တစ်လျှောက်တွင်နေထိုင်ပြီး တစ်ဖက်နိုင်ငံ လူမျိုးစုများနှင့် ရုပ်ရည်သွင်ပြင်၊ ဘာသာစကား၊ ဓလေ့ထုံးစံတူညီသည့် မျိုးနွယ်စုတူများအား မြန်မာနိုင်ငံသားဥပဒေအဖြစ် စိစစ်နိုင်ခြင်းမရှိသေးမီ ကိုင်ဆောင်ခွင့်ပြုပေးရန် ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ယာယီသက်သေခံကတ်ပြား Temporary Identity Certificate ဟု တရားဝင်ခေါ်ဆောင်ပြီးတော့မှ ကတ်ပြားမှာ အဖြူရောင်စက္ကူကတ်ဖြစ်သဖြင့် အဖြူရောင်ကတ်(White Card) ဟု အလွယ်တကူခေါ်ဝေါ်သုံးစွဲနေခြင်းပဲဖြစ်ကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။ ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကာလမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီလူမျိုးများဟာ အမျိုးသားမှတ်ပုံတင်သက်သေခံလက်မှတ်ကိုင်ဆောင်လက်မှတ် မည်သည့်ထောက်ခံချက်မှမပါဘဲ ရခိုင်ရိုးမကို နည်းမျိုးစုံနဲ့ ဖြတ်ကျော်ပြီးတော့မှ ပြည်နယ်အတွင်းသို့ ဝင်ရောက်ခဲ့မှုများရှိတဲ့အတွက်ကြောင့်မို့လို့ ထိုစဉ်က နိုင်ငံတော်အကြီးအကဲမှ ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီလူမျိုးများ ပြည်မသို့စိမ့်ဝင်မှုမရှိစေရေးအတွက် စနစ်တကျစီမံချက်ချမှတ်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းညွှန်ကြားချက်အရ ရခိုင်ပြည်နယ်အတွင်းမှာ ဘင်္ဂါလီလူမျိုးများ ခရီးသွားလာရာမှာ မိမိနေထိုင်ရာမြို့နယ်အတွင်း လွတ်လပ်စွာသွားလာခွင့်ရှိကြပါတယ်။ ပြည်နယ်အတွင်း မြို့နယ်ကျော်လွန်ခရီးသွားလာပါက မိမိနေထိုင်ရာ မြို့နယ်ဦးစီးဌာနမှူး၏ ခရီးသွားလာခွင့်ရယူပြီးတော့မှ သွားလာခွင့်ပြုခဲ့ပြီး အခြားပြည်နယ်/တိုင်းများသို့ ခရီးသွားလာရာမှာ ရခိုင်ပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ခွင့်ပြုချက်ကို ရယူပြီးတော့မှ ပြည်နယ်ပြင်ပသို့ ခရီးသွားလာခွင့်ပြုခြင်းအားဖြင့် ခရီးသွားလာမှုကို ထိန်းသိမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ ဒေသခံတိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများ ပဋိပက္ခနှစ်ကြိမ်ဖြစ်ပွားပြီးတဲ့နောက်မှာ မိမိဝန်ကြီးဌာနမှ မြေပုံမြို့နယ်အား စမ်းသပ်ဧရိယာအဖြစ်သတ်မှတ်၍ ဘင်္ဂါလီလူမျိုးများအား ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားအက်ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၅ ရက်ကနေ စတင်ပြီးတော့မှ လျှောက်လွှာလက်ခံခဲ့ပြီး မြို့နယ်အဆင့်နိုင်ငံသားစိစစ်ရေးအဖွဲ့၊ ပြည်နယ်အဆင့် နိုင်ငံသားစိစစ်ရေးအဖွဲ့များမှ စိစစ်အတည်ပြုချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသို့ တင်ပြခဲ့တာဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကနေပြီးတော့မှ ဥပဒေ

လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီးတော့မှ ဗဟိုအဖွဲ့ကို တင်ပြရပါတယ်။ ဗဟိုအဖွဲ့စုံညီအစည်းအဝေးပြုလုပ်ရန် ဗဟိုအဖွဲ့ဆုံးဖြတ်ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူရပါတယ်။ ဗဟိုအဖွဲ့မှ ဆုံးဖြတ်ချက်ချပြီးတဲ့နောက်မှာ ပထမအကြိမ်မှာ နိုင်ငံသားအဖြစ် ခွင့်ပြုသူ ၄၀ ဦး၊ နိုင်ငံသားပြုခွင့်ရသူအဖြစ်ခွင့်ပြုသူ ၂၇၃ ဦးတို့အား ကျမ်းသစ္စာကျိန်ဆိုစေပြီး ကာယကံရှင်များလက်ဝယ်သို့ ကိုင်ဆောင်လက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုသူတို့အား ကျမ်းသစ္စာကျိန်ဆိုပြီးချိန်မှစ၍ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအခွင့်အရေးများ ရရှိသွားပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ ကျန်ရှိတဲ့ကတ်များကိုလည်း ဆက်လက်ထုတ်ပေးနေပြီဖြစ် ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ထိုနိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ နိုင်ငံသားနိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များနှင့်အညီ ရရှိနိုင်ကြပြီဖြစ်ပါတယ်။ လွတ်လပ်စွာသွားလာခွင့်လည်း ရှိကြမည်ဖြစ်ပါတယ်။ ဤဝန်ကြီးဌာနဟာ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များကိုသာ ဆောင်ရွက်ပေးခြင်းဖြစ်သည်ကိုလည်း ဖြေကြားလိုပါတယ်။ မြေပုံမြို့နယ်အား နိုင်ငံသားစိစစ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့ရာမှာ ပထမအဆင့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကိုယ်တိုင်က ၎င်းတို့ချည်း သီးခြားဖြစ်နေ၍ လူမျိုးတူတို့မှ ဝိုင်းဝန်းအပြစ်တင် ခြိမ်းခြောက်မှုများရှိနေကြောင်း၊ ကျန်ဒေသခံများကိုလည်းပဲ ယခုကဲ့သို့ ဆောင်ရွက်ပြီးချိန်အထိ စောင့်ဆိုင်းလှုပ်ရှားသွားမည်ဖြစ်ကြောင်းကိုလည်း မြေပြင်သတင်းများအရ သိရှိရပါတယ်။ မည်သို့ပင်ဖြစ်စေ သက်ဆိုင်ရာဒေသခံတာဝန်ရှိသူများ၊ အဖွဲ့အစည်းများအနေဖြင့်လည်း အခွင့်အရေးများနှင့်အတူ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအခြေအနေများကိုပါ ဆက်လက်သုံးသပ်ဆောင်ရွက်ရခြင်း ရှိနိုင်ကြောင်းကိုလည်း သိရှိနားလည်ပေးရန် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများအတွက် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးမြန်းရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ (၁) သက်ဆိုင်တဲ့ ကျွန်တော့်မဲဆန္ဒရှင်က မေးမြန်းပေးပါရန်ဆိုပြီးမှ တင်ပြလာတာတစ်ချက်ရယ်၊ ပြီးတော့ (၂) ကျွန်တော်တို့ဆီမှာ နယ်မြေဒေသ အခြေအနေကြောင့် မတည်ငြိမ်တာတစ်ချက်ရယ်၊ (၃)ကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေမရှာ ပေးနိုင်တာတစ်ချက်ရယ်။ အဓိကအကြောင်းအရင်းကတော့ သုံးချက်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းထဲမှာ ပြည့်ပြည့်စုံစုံတင်ပြထားပြီးဖြစ်တဲ့အတွက် မေးမြန်း လိုသည်မှာ မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ပေါင်းသင်းရာမှ မွေးဖွားလာသည့် သားသမီးများ အတွက် နိုင်ငံမဲ့နေပါသဖြင့် နိုင်ငံသားအဖြစ်အသိအမှတ်ပြုနိုင်ရေး၊ အိမ်ထောင်စုစာရင်းတွင် သား သမီးအမည်ထည့်သွင်းနိုင်ရေးတို့အတွက် သို့မဟုတ် ဧည့်နိုင်ငံသားအဖြစ် အသိအမှတ်ပြုနိုင်ရေးတို့ အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဥပဒေပြဋ္ဌာန်းပေးနိုင်သည့် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းက မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ပေါင်းသင်းရာမှ မွေးဖွားလာသည့်သားသမီး များအတွက် နိုင်ငံသားအဖြစ်အသိအမှတ်ပြုရေး၊ အိမ်ထောင်စုစာရင်းတွင် သားသမီးအမည်ထည့် သွင်းနိုင်ရေးတို့အတွက် သို့မဟုတ် နိုင်ငံခြားသားအဖြစ်အသိအမှတ်ပြုနိုင်ရေးတို့အား လူဝင်မှု

ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဥပဒေပြဋ္ဌာန်းနိုင်သည့် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ပြဋ္ဌာန်းထားသောဥပဒေရှိပြီးဖြစ်၍ ဥပဒေထပ်မံပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း ပထမဦးစွာဖြေကြားအပ်ပါတယ်။ လက်ရှိတည်ဆဲ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၃ တွင် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ မွေးဖွားသည့်အောက်ပါသူတို့သည်လည်း နိုင်ငံသားပြုခွင့်ရရှိရန် လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။ အဲဒီအချက်(၅)ချက်ကတော့ ပထမအချက်ကတော့ နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှမွေးဖွားသူများ၊ ဒုတိယအချက်ကတော့ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှမွေးဖွားသူများ၊ တတိယအချက်ကတော့ ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ စတုတ္ထအနေဖြင့် နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှ မွေးဖွားသူများ၊ ပဉ္စမအချက်အနေနဲ့ နိုင်ငံသားပြုခွင့်ရသူနှင့်နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါ မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားမိဘနှစ်ပါးတို့မှ ပေါင်းသင်းရာမှ မွေးဖွားလာသည့်သားသမီးများအတွက် နိုင်ငံသားအဖြစ် အသိအမှတ်ပြုရေး ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ အထက်ဖော်ပြပါ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၃ ပုဒ်မခွဲ(က)အရ နိုင်ငံသားပြုခွင့်သာ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အကယ်၍သာ အဆိုပါသားသမီးဟာ နိုင်ငံသားပြုခွင့်လျှောက်ထားခြင်းမရှိပါက နိုင်ငံခြားသားတစ်ဦးအဖြစ်သာ တည်ရှိမည်ဖြစ်ပြီးတော့မှ ၁၉၄၈ ခုနှစ်၊ နိုင်ငံခြားသားများမှတ်ပုံတင်ရေးနည်းဥပဒေနှင့်အညီ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် FRC ကိုသာ ကိုင်ဆောင်ရမည့်သူဖြစ်ပါတယ်။ နိုင်ငံသားနှင့်နိုင်ငံခြားသားတို့မှ မွေးဖွားသောသားသမီးများအား အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်ထည့်သွင်းနိုင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ နိုင်ငံတော်အတွင်းမွေးဖွားလာသောသားသမီးများအတွက် နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၂(က) ၁(ကက)အရ မွေးဖွားသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း မိဘသို့မဟုတ် အုပ်ထိန်းသူဟာ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထံ မွေးစာရင်းနှင့်အတူ စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ အကြောင်းကြားရမည်ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာ

အုပ်ချုပ်ရေးမှူးဟာ ထိုသို့အကြောင်းကြားလာသည့်အခါမှာ မွေးဖွားကြောင်း အထောက်အထား လက်မှတ်ကို ထုတ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူ နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ နိုင်ငံတော်ပြင်ပ၌ မွေးဖွားလာသောသားသမီးများအတွက် နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ (က) (၁)(ကက)အရ ကလေးမွေးဖွားကြောင်း မွေးစာရင်းနှင့်အတူ မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူဟာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်ဖြစ်ပါတယ်။ သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးက နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်းမှတ်တမ်းပုံစံနိုင်(၈)ကို ထုတ်ပေးမည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မွေးဖွားသောကလေးများဟာ မိဘအုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် အမည်ထည့်သွင်းပေးရန် မြို့နယ်ဦးစီးဌာနမှူးရုံးသို့ အောက်ပါအချက်များနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါတယ်။ အဲဒါအားလုံးစုစုပေါင်း အချက်(၇)ချက်ရှိပါတယ်။ (၁) မွေးစာရင်း(Birth Certificate)မိတ္တူ၊ မွေးဖွားကြောင်းအထောက်အထားလက်မှတ်ပုံစံထွေ(၁)(က)ဖြစ်ပါတယ်။ (၂) နိုင်ငံခြားသားဖြစ်သော မိဘတစ်ပါးပါး၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ (၃) နိုင်ငံသားဖြစ်သော မိဘတစ်ပါးပါး၏ ကိုင်ဆောင်လက်မှတ်မိတ္တူ၊ (၄) ကလေးဟာ အခြားနိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိကြောင်း မိဘများ၏ကျမ်းကျိန်ဆိုချက်၊ (၅) ကလေးအမည်ထည့်သွင်းမည့် မိဘအုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ (၆) မိဘနှစ်ပါး၏လက်ထပ်စာချုပ်မိတ္တူနှင့် (၇) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်ပြင်ပမှာမွေးဖွားခဲ့သောကလေးဟာ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေထိုင်ပါက မိဘအုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းမှာ အမည်ထည့်သွင်းပေးရာ အထက်ဖော်ပြပါ အထောက်အထားများအပြင် ကလေး၏ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (C of I) သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူ၊ နိုင်ငံတော်ပြင်ပ၌ကလေးမွေးဖွားခြင်းမှတ်တမ်း ပုံစံနိုင်(၈)တို့နှင့်အတူ မြို့နယ်ဦးစီးဌာနမှူးရုံးသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပါတယ်။ မြို့နယ်ဦးစီးဌာနမှူးဟာ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ၊ နိုင်ငံတော်အတွင်း၌ဖြစ်စေ မွေးဖွားသောသားသမီးများအား မိဘအုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းမှာ သားသမီးများအမည်ရေးသွင်းပေးရန် လျှောက်ထားမှုအား စိစစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် ဦးစီးရုံးချုပ်သို့ တင်ပြခွင့်ပြု

ချက်ရယူကာ အိမ်ထောင်စုလူဦးရေစာရင်းမှာ အမည်ထည့်သွင်းပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော မြန်မာနိုင်ငံသားနှင့် အခြားနိုင်ငံသားတို့ ပေါင်းသင်းရာမှ မွေးဖွားလာသည့်သားသမီးများအတွက် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားပြုခွင့်ရသူအဖြစ်သာ လျှောက်ထားနိုင်မည်ဖြစ်ပြီး နိုင်ငံသားဆိုင်ရာလုပ်ထုံးလုပ်နည်းအရ မွေးဖွားကြောင်းအထောက်အထားလက်မှတ် ပြုလုပ်ပြီးတော့မှ မိဘအုပ်ထိန်းသူ၏ အိမ်ထောင်စုလူဦးရေစာရင်းမှာ သားသမီးအမည်ထည့်သွင်းနိုင်ပါကြောင်းနှင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ဥပဒေပြဋ္ဌာန်းရန်လိုအပ်မည်မဟုတ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရခိုင်ပြည်နယ်အတွင်းရှိ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ၎င်းတို့နေထိုင်လျက်ရှိသည့်နယ်မြေများမှ အခြားသောနေရာဒေသများသို့ သွားလာခွင့်မပြုရန် မည်သည့်ဥပဒေအရ ကန့်သတ်တားမြစ်ထားပါသနည်း၊ ထိုသို့ခွင့်မပြုခြင်းသည် လူ့အခွင့်အရေးချိုးဖောက်နေခြင်း ဟုတ်/မဟုတ် သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများနှင့်သက်ဆိုင်တဲ့ မေးခွန်းတွေကိုမေးမြန်းဖို့ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်ဟာ ၄-၂-၂၀၁၅ ရက်နေ့က လွှတ်တော်ကိုတင်သွင်းခဲ့ပါတယ်။ လက်ရှိကာလမှာတော့ ယာယီသက်သေခံလက်မှတ်ကို တခြားကတ်တစ်မျိုးနဲ့လဲလှယ်ပြီးတော့ ပေးထားတယ်လို့ သိရှိရပါတယ်။ မေးခွန်းကို ကျွန်တော်ဖတ်ကြားတင်သွင်းပါမယ်။ ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်၊ အကျိုးအကြောင်း ဖော်ပြချက် (၁)ရခိုင်ပြည်နယ်အတွင်း မြို့နယ်အချို့တွင် ရခိုင်လူမျိုးအချို့နှင့်ဘင်္ဂါလီလူမျိုးအချို့တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ယာယီသက်သေခံလက်မှတ်များထုတ်ပေးပြီး ကိုင်ဆောင်ခွင့်ပြုထားပါသည်။ (၂) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများသည် နိုင်ငံသားများဟု အသိအမှတ်ပြုခံထားရသူများမဟုတ်ကြပါ။ သို့သော် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို နိုင်ငံသားများသာလျှင် ရထိုက်ခွင့်ရှိသည့် ရွေးကောက်ပွဲအဆင့်ဆင့်တွင်

မဲပေးခွင့်ပြုထားပါသည်။ ၎င်းအပြင် ပြည်ထောင်စုလွှတ်တော်၌ ၃-၂-၂၀၁၅ ရက်နေ့က အတည်ပြုခဲ့သည့် ဆန္ဒခံယူပွဲဥပဒေတွင်လည်း မဲပေးခွင့်ပြုထားပါသည်။ (၃) ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားကြသော ရခိုင်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးတို့သည် ၎င်းတို့ရောက်ရှိနေကြသည့် မြို့နယ်များမှအခြားမြို့နယ်များသို့ သွားရောက်ခြင်းကို ကန့်သတ်ခံနေကြရပါသည်။ (၄) ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့်သက်ဆိုင်သည့် ဆန္ဒခံယူပွဲ၊ အဆင့်ဆင့်သောရွေးကောက်ပွဲတို့တွင် မဲပေးခွင့်ပြုထားခြင်းသည် နိုင်ငံသားများသာလျှင် ရနိုင်သည့် အခွင့်အရေးများကို ဥပဒေအရခွင့်ပြုထားခြင်းဖြစ်ပါသည်။ ထိုသူများကို ဒေသတစ်ခုအတွင်း၌ လှောင်ပိတ်ထားခြင်းသည် ဥပဒေနှင့်မညီသည့်အပြင် လူ့အခွင့်အရေးများကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်ဟုသုံးသပ်ရရှိပါသည်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါသည်။

ကြယ်ပွင့်ပြမေးခွန်းများ မေးခွန်း(၁) ရခိုင်ပြည်နယ်အတွင်းရှိ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ၎င်းတို့နေထိုင်လျက်ရှိသည့် နယ်မြေများမှ အခြားနေရာဒေသများသို့ သွားလာခွင့်မပြုရန် မည်သည့်ဥပဒေအရ ကန့်သတ်တားမြစ်ထားပါသနည်း။ အဘယ်ကြောင့် ထိုသို့ကန့်သတ်ထားပါသနည်း။ မေးခွန်း(၂) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းချက်ကို ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများအား မည်သည့်အတွက် ခွင့်မပြုပါသနည်း။ (၃) ရာဇဝတ်မှုတစ်ခုခုဖြင့် အရေးယူခံထားရခြင်းမရှိသည့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ကန့်သတ်ထားသည့်ဒေသမှ ပြင်ပသို့ သွားရောက်နေထိုင်ခွင့်မပြုခြင်းသည် ၎င်းတို့အပေါ်၌ လူ့အခွင့်အရေးများ ချိုးဖောက်နေခြင်းမဟုတ်ပါလားဟု မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်မှ ရခိုင်ပြည်နယ်အတွင်းရှိ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ၎င်းတို့နေထိုင်လျက်ရှိသည့် နယ်မြေများမှ အခြားသောနေရာဒေသများသို့ သွားလာခွင့်မပြုရန် မည်သည့်ဥပဒေအရ ကန့်သတ်တားမြစ်ထားပါသနည်း။ အဘယ်ကြောင့် ထိုသို့တားမြစ်ထားပါသနည်း။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမဆို အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းချက်ကို ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများအား မည်သည့်အတွက်ခွင့်မပြုပါသနည်း။ ရာဇဝတ်မှုတစ်ခုခု အရေးယူခံထားရခြင်းမရှိသည့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ကန့်သတ်ထားသည့်ဒေသမှ ပြင်ပသို့ သွားရောက်နေထိုင်ခွင့်မပြုခြင်းသည် ၎င်းတို့အပေါ်၌ လူ့အခွင့်အရေးများ ချိုးဖောက်နေခြင်းမဟုတ်ပါလားတို့နှင့် စပ်လျဉ်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် ဒုတိယဝန်ကြီးကနေပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်နှင့် အလားတူသည့်မေးခွန်းကို ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇာယာဒ်ရော်မံ(ခေါ်)ဦးဌေးဝင်းက ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့အတွက်ကြောင့်မို့လို့လည်း ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ၁၅၂ မိုင် ထိစပ်လျက်ရှိသည့်အပြင် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိတဲ့ ဘင်္ဂါလီလူမျိုးများဟာ တစ်ဖက်နိုင်ငံသားများနှင့် ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ရုပ်ရည်သွင်ပြင်၊ ဘာသာစကားမှစ၍ တူညီနေကြသည့်အတွက်ကြောင့်မို့လို့ ရှေးအစဉ်အဆက်ကာလများမှစ၍ နှစ်နိုင်ငံအကြား အပြန်အလှန်ကူးလူးသွားလာဆက်ဆံပေါင်းသင်းမှုများ ရှိခဲ့ကြပါတယ်။ နယ်နိမိတ်ခြင်းထိစပ်လျက်ရှိပြီး အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည့်အနေအထားဖြစ်၍ တစ်ဖက်နိုင်ငံရှိ ဘင်္ဂါလီလူမျိုးများဟာ ရေမြေသယံဇာတပိုမိုကောင်းမွန်ကြွယ်ဝသော မိမိနိုင်ငံအတွင်းသို့ တရားမဝင် ထိုး

ဖောက်ဝင်ရောက်လာမှုများရှိခဲ့ပြီး မိမိနိုင်ငံအတွင်းရှိ ဘင်္ဂါလီလူမျိုးများနှင့် အပြန်အလှန်အိမ်ထောင်ပြုမှုများရှိခဲ့၍ မိမိနိုင်ငံအတွင်း လူဦးရေရောထွေးနေထိုင်မှုများ ရှိနေခဲ့ပါတယ်။

အထက်မှာရှင်းလင်းပြောကြားခဲ့တဲ့အတိုင်းပဲ ကာလရှည်ကြာစွာကပင် မြန်မာနိုင်ငံအတွင်းကို တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်နေထိုင်သူများရှိခဲ့ခြင်းကြောင့် ၁၉၇၈ ခုနှစ်အတွင်း နယ်စပ်လုံခြုံရေး၊ အမျိုးသားရေးလုံခြုံရေးအရ နဂါးမင်းစစ်ဆင်ရေးဖြင့် အိမ်ထောင်စုလူဦးရေစစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး စစ်ဆေးမှုမခံနိုင်သူ၊ စစ်ဆေးမှုမခံဝံ့သူများ တစ်ဖက်နိုင်ငံသို့ထွက်ပြေးတိမ်းရှောင်သွားတဲ့အတွက်ကြောင့်မို့လို့ နှစ်နိုင်ငံသဘောတူညီချက်အရ ဟသ်ာစီမံချက်ဖြင့် ဘင်္ဂါလီလူဦးရေ ၂၈၀၀၀၀ ကျော်ကို ပြန်လည်လက်ခံမှုပြုခဲ့ရပါတယ်။ ထို့အပြင် ၁၉၉၀၊ ၁၉၉၁ ခုနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံသို့ ဘင်္ဂါလီများထွက်ခွာခဲ့၍ UNHCR ၏ ပူးပေါင်းပါဝင်မှုဖြင့် ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်မှ ၂၀၀၅ ခုနှစ် ဇူလိုင်လအထိ လူဦးရေ ၂၃၆၄၉၅ ဦးကို ပြန်လည်လက်ခံခဲ့ရပါတယ်။ နောက်ပိုင်းမှာ မိမိတို့မှလက်ခံရေးစခန်းများဖွင့်လှစ်ထားသော်လည်း ပြန်လည်ဝင်ရောက်လာမှုများမရှိတော့ပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းတို့ဟာ ရခိုင်ပြည်နယ်နယ်စပ်ဒေသများမှတစ်ဆင့် ရခိုင်ပြည်နယ်အတွင်းပိုင်းသို့ ပျံ့နှံ့ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်လာခဲ့ရာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်အပါအဝင် နိုင်ငံအတွင်းပိုင်းသို့ ရောက်ရှိနေထိုင်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းမှာပါရှိသည့် ယာယီသက်သေခံလက်မှတ်ဆိုသည့်အဓိပ္ပာယ်ကို အနည်းငယ်လေးရှင်းလင်းတင်ပြလိုပါတယ်။ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ၏ နည်းဥပဒေ ၁၃(၁)(ဂ)အရ ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်မှာ နေထိုင်ပြီးတော့မှ တစ်ဖက်နိုင်ငံရှိလူမျိုးစုများနှင့် ရုပ်ရည်သွင်ပြင်၊ ဘာသာစကား၊ ဓလေ့ထုံးစံတူညီသည့်မျိုးနွယ်စုတူများအား မြန်မာနိုင်ငံသားဥပဒေဖြင့် စိစစ်နိုင်ခြင်းမရှိသေးမီဥပဒေနှင့်အညီ တရားဝင်ကိုင်ဆောင်ခွင့်ပြုရန် ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အလားတူမေးခွန်းကိုလည်းပဲ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းမှလည်းမေးမြန်းခဲ့ဖူးပါတယ်။ နှစ်နိုင်ငံနယ်စပ်မှာနေထိုင်သူများဟာ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ရုပ်ရည်သွင်ပြင်၊ ဘာသာစကားမှစ၍ တူညီကြပြီးတော့မှ အပြန်အလှန်ကူးလူးဆက်ဆံမှုများလည်းရှိကြပါတယ်။ လူဦး

ရေအရ ရောထွေးမှုများကြောင့် တစ်ဖက်နိုင်ငံခြားသားများနှင့် ခွဲခြားရန်ခက်ခဲသူများအား ကျွန်တော်တို့ မှတ်ပုံတင်ရေးနည်းဥပဒေအရ ယာယီသက်သေခံလက်မှတ်ကိုလည်း ထုတ်ပေးခဲ့ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံသားဖြစ်သူများအား တိုင်းဒေသကြီး/ပြည်နယ်အတွင်းခရီးသွားလာခြင်းကို ကန့်သတ်ထားခြင်းမရှိကြောင်းလည်း ဖြေကြားလိုပါတယ်။ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများဟာ နိုင်ငံသားဖြစ်ကြောင်း အခိုင်အမာပြောဆို၍ မရသေးသူများဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ခြင်းဟာ နိုင်ငံတော်၏အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ပဲဖြစ်ပါတယ်။ နိုင်ငံသားဖြစ်ခွင့်မရှိသူတစ်ဦး မှားယွင်းပြီးတော့မှ နိုင်ငံသားအဖြစ်ရရှိသွားပါက နိုင်ငံတော်၏အနာဂတ်နှင့်ပါ သက်ဆိုင်သွားမည်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများ နိုင်ငံအတွင်းပိုင်းသို့ဝင်ရောက်လာပြီးတော့မှ ၎င်းတို့နှင့်အသွင်တူသူများအတွင်း ရောထွေးရောက်ရှိပြီး မှားယွင်းမှုမရှိစေရေးအတွက်လည်းကောင်း၊ ၎င်းတို့၏တည်ရှိမှုကိုဆန့်ကျင်သော ဒေသခံရခိုင်တိုင်းရင်းသားများ၏ သဘောဆန္ဒအရလည်းကောင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုထောက်ရှု၍ ၎င်းတို့အား မိမိမှတ်ပုံတင်ထားသည့်လိပ်စာမှ ထွက်ခွာမည်ဆိုပါက ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံအတွင်းနေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ၏ နည်းဥပဒေ ၂၅၊ ၂၉၊ ၃၁ တို့အရ သက်ဆိုင်ရာသို့ တင်ပြသတင်းပို့သွားလာစေခြင်းပဲဖြစ်ပါတယ်။ ကျောက်ဖြူမြို့နယ်၊ ကျောက်နီမော်ရွာဖြစ်စဉ်မှအစပြု၍ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သဖြင့် သေဆုံးသူ ၁၉၁ ဦး၊ ဒဏ်ရာရသူ ၂၆၅ ဦးနှင့် နေအိမ် ၈၆၉၄ လုံး ပျက်စီးဆုံးရှုံးခဲ့ရပြီး လူတစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ လူ့အဖွဲ့အစည်းနှစ်ခု ပြန်လည်ရင်ကြားစေ့ရေးနှင့် အိုးအိမ်အတည်တကျ ပြန်လည်နေရာချထားရေးကိစ္စများ ယနေ့တိုင်ဆောင်ရွက်နေရဆဲဖြစ်သည်ကိုတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး အနီးကပ်မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်မှ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် ၎င်းတို့၏ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တည်ဆဲဥပဒေများကို လိုက်နာနေထိုင်စေခြင်းသာဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသကဲ့သို့ ၎င်းတို့အပေါ်မှာ လူ့အခွင့်အရေးချိုးဖောက်နေခြင်းမဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်းလေး မေးခွင့်ပြုစေလိုပါတယ်ခင်ဗျား။ ခုနက ဒုတိယဝန်ကြီးဖြေဆိုသွားတဲ့အထဲမှာ ကျွန်တော်မေးတာက ဒီလိုကန့်သတ်ထားတဲ့ဟာတွေက အခုမှရှိတာမဟုတ်ဘူး။ အရင်တုန်းကတည်းကရှိလာတဲ့ဟာ ဒါ ဥပဒေသဘောကို ကျွန်တော်ကမေးတယ်။ ဒုတိယဝန်ကြီးဖြေတာကတော့ ၂၀၁၂ ခုနှစ်က ကျောက်နီမော်ဖြစ်စဉ်ကို လာပြီးတော့မီးမောင်းထိုးပြတယ်။ ဒါက ဥပဒေမှာရှိနေတာကတခြား၊ ရခိုင်လူမျိုးတွေနဲ့ ဘင်္ဂါလီလူမျိုးတွေရဲ့ပဋိပက္ခကိုပဲ မီးမောင်းထိုးပြသွားတယ်ဆိုတဲ့သဘောမျိုးတော့ သက်ရောက်နေတဲ့အတွက်ကြောင့် မေးခွန်းထဲမှာတော့ ဒါလေးမပါတဲ့အတွက်ကြောင့် ဘာဖြစ်လို့ထည့်သွင်းပြီးတော့ဖြေဆိုရတာလည်းဆိုတာလေး သိချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမေးတဲ့မေးခွန်းမှာလည်း ဒါနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် ရှင်းလင်းဖြေကြားပြီးလည်းဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ၁၉၉၃ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီလူမျိုးများဟာ အမျိုးသားမှတ်ပုံတင်ကတ်ပြားသို့မဟုတ် ကိုင်ဆောင်တဲ့ကတ်တစ်မျိုးမျိုး၊ ဒါမှမဟုတ် မည်သည့်ထောက်ခံချက်မှမပါဘဲ နည်းမျိုးစုံဖြင့် ပြည်တွင်းကို ဝင်ရောက်လာမှုရှိတဲ့အတွက်ကြောင့်မို့လို့ ထိုစဉ်က နိုင်ငံတော်အကြီးအကဲကနေပြီးတော့မှ ညွှန်ကြားချက်နဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီလူမျိုးများ ပြည်မသို့ စိမ့်ဝင်မှုမရှိစေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိအားဖြင့်ကလည်း ဒီဟာနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ပြင်ဆင်ချက်မရှိတဲ့အတွက်ကြောင့်မို့လို့ အဲဒီအတိုင်းပဲ လိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးတဲ့လူလည်းမေးတာပါပဲ။ ဖြေတဲ့လူလည်း ဖြေပေးတာပါပဲ။ သို့သော်လည်း မေးခွန်းမှာမပါလို့ မဖြေရဘူးဆိုတာကတော့ မဟုတ်ဘူးပေါ့ဆရာရယ်။ မေးခွန်းမေးတဲ့သူက မေးလိုက်တဲ့အခါမှာ ဖြေတဲ့လူအနေနဲ့ပြည့်စုံအောင်တော့ အကြောင်းအမျိုးမျိုးပေါ့နော်။ ယခင်ကမရှိခဲ့ပေမယ့်လည်း ယခင်ကထုတ်ထားတဲ့ဥပဒေနဲ့ ယနေ့ခေတ်ဥပဒေနဲ့ ဘယ်လိုဆက်စပ်မှုရှိသလဲဆိုတာကို တွဲစပ်ပြီးတော့၊ အကျိုးအကြောင်းလည်းဖော်ပြပြီးတော့ ဖြေတာဖြစ်ပါတယ်။ မေးတဲ့လူက

လည်း အကျိုးအကြောင်းဖော်ပြပြီးမေးသလိုပဲ ဖြေတဲ့လူကလည်း အကျိုးအကြောင်းပြပြီးဖြေတာဖြစ်တဲ့အတွက် ဒါလက်ခံနိုင်စရာအကြောင်းရှိပါတယ်လို့ ကျွန်တော်ထင်ပါတယ်။

**ကျေးသီးမြို့နယ်ရှိ နောင်ကား၊ နားလွယ်၊ နားဟမ်း၊ ကုန်းပက်၊ နားကျိုင်း ကျေးရွာများအား သီးခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် မည်သို့သော အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမတိုင်မီကာလအတွင်း အိမ်ထောင်စုဇယား ထုတ်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်ကတ်ပြား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်ရှိ နောင်ကားကျေးရွာ၊ နားလွယ်ကျေးရွာ၊ ကုန်းပက်ကျေးရွာ၊ နားဟမ်းကျေးရွာနှင့် နားကျိုင်းကျေးရွာ စသည့်ကျေးရွာများသည် ယခင် ၁၉၇၄ ခုနှစ် ရှေ့ပိုင်းတွင် ကျေးသီး မြို့ ဟိုပုန်းရပ်ကွက်အတွင်း ပါဝင်ဖွဲ့စည်းထားပြီး ၁၉၇၄ ခုနှစ် နောက်ပိုင်းတွင် အဆိုပါကျေးရွာများသည် ဝမ်းမှီးကျေးရွာအုပ်စု၏အောက်သို့ ထည့်သွင်းဖွဲ့စည်းကာ ၂၀၁၀ ခုနှစ်အထိ ဖြစ်ပါတယ်။ ယခု ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် မည်သည့်ရပ်ကွက်၊ မည်သည့် ကျေးရွာအုပ်စုအတွင်း ပါဝင်ဖွဲ့စည်းပေးထားခြင်းမရှိတော့ပါသဖြင့် အိမ်ထောင်စုဇယားထုတ်ပေးခြင်းများ၊ နိုင်ငံတော်စိစစ်ရေးမှတ်ပုံတင်ကတ် ပြုလုပ်ပေးခြင်းများနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ချီးမြှင့်ငွေနှင့်အသုံးစရိတ်များ စသည့်ရရှိသင့်သော အခွင့်အရေးအသီးသီးများ နစ်နာဆုံးရှုံးလျက်ရှိပါကြောင်း သိရှိရပါသည်။ ထို့ကြောင့် အဆိုပါကျေးရွာများအား သီးခြားရပ်ကွက် (သို့မဟုတ်)သီးခြားကျေးရွာအုပ်စုအဖြစ်သို့ ပြန်လည်ဖွဲ့ စည်းနိုင်ရေး၊ ရရှိသင့်သော အခွင့်အရေး အသီးသီးများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကျေးသီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လိုအပ်သော အထောက်အထားပြည့်စုံစွာဖြင့် တင်ပြထားပြီးဖြစ်သော်လည်း ကြန့်ကြာမှုများရှိနေပါသည်လို့ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းအား ဒေသခံမဲဆန္ဒနယ် ပြည်သူများ၏ ကိုယ်စား ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း ကျေးသီးမြို့နယ်ရှိ နောင်ကား၊

နားလွယ်၊ နားဟမ်း၊ ကုန်းပက်၊ နားကျိုင်း ကျေးရွာများအား သီးခြားရပ်ကွက် သို့မဟုတ် သီးခြား ကျေးရွာအုပ်စု အဖြစ် မည်ကဲ့သို့ စီစစ်ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါကြောင်းနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီကာလအတွင်း အိမ်ထောင်စုဇယား ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်ကတ်ပြား ပြုလုပ်ပေးခြင်းများ အစီအစဉ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလို ပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းအား ရှမ်းပြည်နယ်၊ ကျေးသီးမြို့နယ်မှာရှိသော နောင်ကား၊ နားလွယ်၊ နားဟမ်း၊ ကုန်းပက်၊ နားကျိုင်းစသည့် ကျေးရွာများအား သီးခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် မည်ကဲ့သို့သော အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါကြောင်း နှင့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမတိုင်မီကာလအတွင်း အိမ်ထောင်စုဇယားထုတ်ပေးခြင်းနှင့် နိုင်ငံသား စိစစ်ရေးမှတ်ပုံတင်ကတ်ပြားများ ပြုလုပ်ပေးခြင်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်တော်ကြီးပြောကြားသည့် အဆိုပါကျေးရွာ များအား ၁၉၇၄ ခုနှစ် နောက်ပိုင်းမှာ နော်ဖီးကျေးရွာ အုပ်စုအောက်သို့ ထည့်သွင်းထားခဲ့ပြီးတော့မှ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ် ထုတ်ပြန်သည့်စာရင်းမှာ ဝမ်းမွိုးကျေးရွာ အုပ်စု၌ ပါဝင်ခြင်းမရှိသော်လည်း မိမိဌာနအနေဖြင့် အဆိုပါကျေးရွာငါးရွာ၏ အိမ်ထောင်စု လူဦးရေစာရင်း များကို ဝမ်းမွိုးကျေးရွာအုပ်စုတွင်သာ စုစည်းထိန်းသိမ်းထားလျက်ရှိပါတယ်။ ထို့ပြင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအား ဆောင်ရွက်ရာ တွင်လည်းပဲ အဆိုပါကျေးရွာငါးရွာကို ဝမ်းမွိုးကျေးရွာအုပ်စုမှာ ထုတ်သွင်း၍သာ ကောက်ယူပြုစုခဲ့ ခြင်း ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုအရ နောင်ကားကျေးရွာမှာ

အိမ်ထောင်စုပေါင်း ၄၂ စု၊ လူဦးရေ ကျား ၁၂၂ ဦး၊ မ ၁၁၈ ဦး စုစုပေါင်း ၂၃၀ ဦး၊ နားလွယ်ကျေးရွာမှာ အိမ်ထောင်စုပေါင်း ၁၄ စု၊ လူဦးရေ ကျား ၄၃ ဦး၊ မ ၇၄ ဦး စုစုပေါင်း ၇၄ ဦး၊ ကုန်းပက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၄ စု၊ လူဦးရေ ကျား ၂၄ ဦး၊ မ ၄၁ ဦး စုစုပေါင်း ၆၅ ဦး၊ နားဟမ်းကျေးရွာမှာ အိမ်ထောင်စုပေါင်း ၂၀ စု၊ လူဦးရေ ကျား ၅၂ ဦး၊ မ ၅၄ ဦး စုစုပေါင်း ၁၀၆ ဦး၊ နားကျိုင်းကျေးရွာမှာ အိမ်ထောင်စုပေါင်း ၂၀ စု၊ လူဦးရေ ကျား ၄၉ ဦး၊ မ ၆၁ ဦး စုစုပေါင်း ၁၁၀ ဦးဖြစ်ပါတယ်။

အဆိုပါကျေးရွာငါးရွာ၏ အိမ်ထောင်စု စုစုပေါင်းမှာ ၁၁၀ စုဖြစ်ပြီး လူဦးရေ ကျား ၂၈၀ ယောက်၊ မ ၃၀၅ ယောက် စုစုပေါင်း ၅၈၅ ယောက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အစိုးရသစ်ကာလမှာ မိမိဌာနမှ မိုးပွင့်စီမံချက်များဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးရာတွင်လည်း အဆိုပါကျေးရွာများအား ချန်လှပ်ထားခြင်းမရှိပါ။ မိုးပွင့်အဆင့်(၃)ကာလမှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှာ နားဟမ်းကျေးရွာ၊ နားကျိုင်းကျေးရွာများနှင့် နောင်ကားကျေးရွာများသို့ ယခုမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကိုယ်တိုင် လိုက်ပါပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျေးရွာငါးရွာမှာ လူဦးရေ ၅၈၅ ဦးရှိသည့်အနက် အသက် ၁၀ နှစ်ပြည့်နှစ်၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၂၂၀ ဦးမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိထားကြပြီး မိမိဌာနအနေဖြင့် ၁၅၅ ဦးအားဆောင်ရွက်ပေးရန် ကျန်ရှိနေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအမီ မိုးပွင့်အထူးစီမံချက်များဖြင့် ကျေးရွာရောက် တစ်ဦးမျှမကျန်ရလေအောင် ကွက်ပြည့်ကွင်းဆင်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆောင်ရွက်နေဆဲလည်းဖြစ်၍ အဆိုပါကျေးရွာငါးရွာအား ချန်လှပ်မထားဘဲ မိုးပွင့်အထူးစီမံချက်မှာ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်ဟာ ကျေးသီးနှင့် မိုင်းတုံနှစ်မြို့၊ ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၁ အုပ်စုနှင့် ကျေးရွာ ၃၉၉ ရွာ ဖွဲ့စည်းထားရှိပြီးတော့မှ အိမ်ခြေပေါင်း ၁၃၆၉၇ လုံး၊ အိမ်ထောင်စု ၁၃၆၈၂ စုနှင့် လူဦးရေ ၇၁၂၇၇ ဦး နေထိုင်လျက်ရှိပါတယ်။ နောင်ကားအုပ်စု အိမ်ခြေ ၄၂ လုံး၊ အိမ်ထောင်စု ၄၂ စု၊ လူဦးရေ ၂၃၀ ဦး၊ နားလွယ်အုပ်စု အိမ်ခြေ ၁၄ လုံး၊ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၇၄ ဦး၊ နားဟမ်းအုပ်စု အိမ်ခြေ ၂၀ လုံး၊ အိမ်ထောင်စု ၂၀ စု၊ လူဦးရေ ၁၀၆ ဦး၊ ကုန်းပက်အုပ်စုမှာ အိမ်ခြေ ၂၀ လုံး၊

အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၆၅ ဦး၊ နားကျိုင်းအုပ်စုမှာ အိမ်ခြေ ၂၀ လုံး၊ အိမ်ထောင်စု ၂၀ စု၊ လူဦးရေ ၁၁၀ ဦးတို့ဟာ ကျေးသီးမြို့နယ် ဝမ်းမွီးကျေးရွာအုပ်စု၊ ဝမ်းမွီးသစ်တောကြိုးဝိုင်းအတွင်း စုစည်းနေထိုင်သော ပြည်ထဲရေးအမည်မပေါက် ဝေစုများဖြစ်ပါတယ်။ အဆိုပါအိမ်စုများ၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ဝမ်းမွီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ကား၊ နားလွယ်၊ နားဟမ်း၊ ကုန်းပက်၊ နားကျိုင်းအိမ်ထောင်စုများဟာ သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်နိုင်ရန် ရှမ်းပြည်နယ် သစ်တော်ဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြခဲ့တဲ့အခါမှာ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၅) မှာ သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပယ်ဖျက်ရန် သဘောတူဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါတယ်။ ထိုသို့ဆုံးဖြတ်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အဆိုပါအိမ်စုများအား သစ်တောမြေမှ ပယ်ဖျက်မည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ မှာ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်နေရာ ပြင်ဆင်ရန် သို့မဟုတ် အမည်ပြောင်းရန် ပေါ်ပေါက်လာရင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။

သို့ဖြစ်ပါ၍ နောင်ကား၊ နားလွယ်၊ နားဟမ်း၊ ကုန်းပက်၊ နားကျိုင်းအုပ်စုများဟာ သစ်တောမြေအတွင်း ပယ်ဖျက်ခွင့်ရရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်ပေါက်ကျေးရွာဖြစ်ရေး ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားတဲ့နေရာမှာ ကျွန်တော်တို့အရင်က မေးခွန်းမေးတဲ့ကာလ သတ်မှတ်ထားခဲ့ခြင်းမရှိပါဘူး။ အဲဒီအခါမှာ ပုံမှန်အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြားမှာ မေးခွန်းတွေ မေးမြန်းထားတဲ့ ကိုယ်စားလှယ်များအတွက် အများကြီး ကျန်ရစ်ခဲ့ပြီး နောက်ပုံမှန်အစည်းအဝေးကို ကူးပြီးတော့ သယ်သွားရတာရှိပါတယ်။ ဒါကြောင့်မို့လို့ ရှေ့လူက ဖြည်းဖြည်းလေးမေးနေရင် အချိန်တွေကုန်တဲ့အခါကျတော့ နောက်လူတွေမှာ အခွင့်အရေးမရတဲ့အတွက် ဒီနေရာမှာ တစ်ယောက်နဲ့တစ်ယောက်နဲ့ အရင်အပြင်မှာလည်း နမူနာ ဆိုရရင် ဟိုအရင်တုန်းက ဓာတ်ဆီဆိုင်တွေ တန်းစီကြတယ်။ ဓာတ်ဆီထည့်ပြီးတဲ့သူက ခက်သွပ်သွပ် ထွက်သွားလိုက်လို့ရှိရင် နောက်ကလူက ဆက်ထည့်လို့ရပါတယ်။ ဒါပေမဲ့လို့ ကိုယ့်အိမ်ကိုယ့်ရာလိုပဲ အေးအေးဆေးဆေးလေးနဲ့ ဘာလုပ်နေမှန်းမသိ ချက်ချင်းမထွက်တဲ့အခါမှာ နောက်ကတန်းစီထားတဲ့လူတွေက နည်းနည်းလေးစိတ်မောရပါတယ်။ ထိုနည်းလည်းကောင်းပဲ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းမှာလည်း မေးခွင့်ရတဲ့ပုဂ္ဂိုလ် ဖြေခွင့်ရတဲ့အခြေအနေမှာ အဲလိုပဲ အချိန်တွေယူပြီးမေးတဲ့အခါ တစ်နေ့တစ်နေ့မေးခွန်းတွေ အချိန်ကာလကသတ်မှတ်ထားတာ တစ်နာရီလို့ ပြောပေမယ့်လည်း တစ်နာရီထဲမှာတစ်ခါတစ်ခါ ကိုယ်စားလှယ်ကြီးများ ကိုယ်တိုင်ကြုံခဲ့ဖူးပါတယ်။ မေးခွန်းနှစ်ခု၊ သုံးခုနဲ့ တင်ပြည့်သွားတာတွေလည်းရှိပါတယ်။ အဲဒီတော့ ဒါကြောင့်မို့လို့ မေးခွန်းများ၊ မေးမြန်းခြင်းမှာ အချိန်သတ်သတ်မတ်မတ်ကလေးနဲ့ (၃)မိနစ်ဆိုပြီး ပေးခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ မေးလိုတဲ့မေးခွန်း ကစာမေးပွဲဖြေသလိုပါပဲ။ စာမေးပွဲမေးခွန်းက တစ်ခွန်းတည်းတိုတိုပါ။ ဖြေတဲ့အခါကျတော့ အဖြေစာလွှာက အထူ ကြီးဖြေကြားရပါတယ်။ ဒီနေရာမှာ ပြောရမှာကလည်းပဲ ဖြေတဲ့အခါမှာ ပြည့်ပြည့်စုံစုံဖြေဖို့လိုတဲ့အတွက် မေးတဲ့သူကလည်းပဲ ပြည့်ပြည့်စုံစုံသိလိုတဲ့အတွက်၊ အများလည်းကြားစေချင်တဲ့အတွက် တကယ်တမ်းပြောရရင် ဖြေတဲ့လူကိုလည်းပဲ (၃)မိနစ်လို့သတ်မှတ်ထားပေမယ့်လည်း ကိုယ်စားလှယ်ကြီးများ မေးတဲ့သူတွေ ကျေနပ်မှုရအောင်လို့ အချိန်ကိုတိုးတိုးပြီးတော့ ကျွန်တော်တို့ ဖြေခွင့်ပြုထားခဲ့တာလည်းဖြစ်ပါတယ်။ ဒါမှသာလျှင် မေးတဲ့သူအနေနဲ့လည်း ဆက်စပ်မေးခွန်းလေးရရင်လည်းပဲ ဆက်စပ်မေးခွန်းမေးလို့ရပါတယ်။ ဖြေတဲ့သူအနေနဲ့လည်း ပြည့်ပြည့်စုံစုံဖြေစေချင်တဲ့အတွက် ကျွန်တော်တို့ ပေးထားတာဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ကိုယ်စားလှယ်ကြီးများ အရင်ပြောသလိုပဲ ကျွန်တော်အားလည်းနာတယ်၊ ပြောရရင် ဖြစ်လည်းဖြစ်စေချင်တာက ကျွန်တော်တို့ သတ်မှတ်ပေးထားတဲ့အတွင်းမှာဝင်အောင် မေးခွန်းလေးမေးနိုင်ရင် မိမိရဲ့အသံအပြည့်အစုံပါသွားပါတယ်။ အခု သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ အပြည့်

**မူကြမ်း**

အစုံမမေးနိုင်တဲ့အတွက် တခါတရံမှာ ကျွန်တော်တို့ မေးခွန်းမေးတဲ့အချိန်ကျမှ အချိန်စေ့သွားတဲ့အခါ မိမိရဲ့မေးခွန်းအသံဟာပါမသွားတဲ့အခါမျိုးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က အကြံပြုချင်ပါတယ်။ မိမိတို့မေးခွန်းမေးတော့မယ်လို့ဆိုရင် မိမိမေးခွန်း တင်လိုက်ကတည်းက မိမိမေးမယ့်မေးခွန်းကို သုံးမိနစ်အတွင်းဝင်အောင် ဘယ်လိုမေးရင်ရမလဲဆိုတာ ဒါလေးနည်းနည်းလေး သတ်မှတ်လေ့ကျင့်စေချင်ပါတယ်။ ဒီဟာက အတွေ့အကြုံအရပြောရရင် ကျွန်တော် တို့တခြားနိုင်ငံ များကိုသွားတဲ့ အခါမှာလည်း ဒီလိုပဲကန့်သတ်ချက်ကလေးတွေနဲ့ သူတို့တင်ပြခဲ့ရတာ တွေ့ရှိပါတယ်။ ကျွန်တော်တို့ အာဆီယံမှာကိုပဲ ဒီလိုပဲကျွန်တော်တို့ရဲ့ အာဆီယံ AIPA ရဲ့လွှတ်တော် ဥက္ကဋ္ဌကြီးက သူ့အတွက် သတ်မှတ်ပေးထားတဲ့ (၆) မိနစ်အတွင်းမှာ သူတို့ရဲ့အာဆီယံဥက္ကဋ္ဌကို ပြောကြားတဲ့အခါလည်း ရှိပါတယ်။ ဒါတွေလည်းတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အလေ့အကျင့်လေးနဲ့ ကျွန်တော်တို့ရဲ့မေးလိုတဲ့မေးခွန်းလေးလည်းပဲ ပြည့်ပြည့်စုံစုံလည်းဖြစ်အောင်လို့ မိမိမေးတော့မယ့်နေ့ မတိုင်မီလေးမှာပဲ မိမိမေးတဲ့မေးခွန်းကို ဘယ်လိုပြောရင်ဘယ်လောက်မလို အပ်တာတွေကို ချန်လှပ်ပြီးတော့ လိုအပ်တဲ့ဟာလေးတွေ (၃) မိနစ်အတွင်း မေးနိုင်ကြပါစေကြောင်း ကျွန်တော်အကြံပြုလိုပါတယ်။ ကြိုးစားပြီးတော့ မေးစေချင်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ် တော်ကြီးမေးတဲ့ (၃) မိနစ်ဆိုပေမယ့်လည်း ဖြေတဲ့ပုဂ္ဂိုလ်များအနေနဲ့လည်း မေးမြန်းသူကျေနပ်အောင် လို့ (၃)မိနစ်မက ကြိုးစားပြီးဖြေပေးကြရတာဖြစ်ပါတယ်။ ဒါလည်း ကိုယ်စားလှယ်ကြီးများအားလုံး နားလည်စေချင်ပါတယ်ခင်ဗျား။ အစကလည်းပြောခဲ့ပြီးပါပြီ။ ကိုယ်စားလှယ်များရဲ့ အရည်အချင်း တိုးတက်မှုကို ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပြီဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ၂-၆-၂၀၁၅ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၄-၆-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်လည်း တောင်းခံခဲ့ပါတယ်။ ယခု ပြင်ဆင်ချက်အဆို တင်သွင်းထားကြတဲ့ ဥပဒေကြမ်းကော်မတီ၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် လမ်းမတော် မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းတို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ပြည်သူ့လွှတ်တော်မှ သဘောတူသင့်တဲ့အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက်(၁၈)ချက်ကိုသဘောတူသင့်ကြောင်းနှင့် (၉)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်းတင်ပြလာပါတယ်။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ အချက်(၁၈)ချက်ကို တင်ပြဖို့အတွက် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်း ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များ အပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်များမှာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က တင်သွင်းလာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက် မြောက်နေ့ဖြစ်သည့် ၁၉-၃-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးတင်ပြ၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၂၇-၅-၂၀၁၅ ရက်နေ့၌ ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူ ပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၆)ရက်မြောက်နေ့ဖြစ်သည့် ၂-၆-၂၀၁၅ ရက်နေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၄-၆-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)၊ ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)နှင့် ဒေါ်ဇာတလဲမ်း (ထန်တလန်မဲဆန္ဒနယ်)တို့က ဆွေးနွေးရန် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါသည်။ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၆-၂၀၁၅ ရက်နေ့နှင့် ၁၀-၆-၂၀၁၅ ရက်နေ့များတွင် ပြင်ဆင်ချက်အဆိုတင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပါသည်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှာ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက်မှ အောက်ဖော်ပြပါ အချက်(၁၈)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း လက်ခံရန် သဘောတူခဲ့ပါသည်။ အဆိုပါ အချက်(၁၈)ချက်မှာ ဥပဒေခေါင်းစီး၊ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အခန်း (၄) အပိုဒ် ၁၉ အပိုဒ်ခွဲ(င)၊ အပိုဒ် ၂၀ စာချိုး၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)၊ အခန်း (၅) အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)၊ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် အခန်း(၇)ခေါင်းစဉ်ကို ပယ်ဖျက်ခြင်း၊ အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၂၇ စာချိုး၊ အပိုဒ် ၃၀၊ အခန်း(၈) အခန်း(၈) ခေါင်းစဉ်၊

အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ တို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြု ချက်(၁၈)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူး ထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် (၁၈)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီမှာတုန်းက ဒီမှာပေးထားတဲ့အထဲမှာ မပါလို့ ဒေါ်ဇာတလဲမ်း

**ဒေါ်ဇာတလဲမ်း(ထန်ထလန်မဲဆန္ဒနယ်)**။ ။ ဒါပေမဲ့ ဥပဒေကြမ်းကော်မတီက ဒီလွှတ်တော် ထောက်ခံ၊ ကန့်ကွက်မေးတဲ့အခါမှပဲ ပြောလိုက်ပါ့မယ်ဆိုပြီးတော့မှ ကျွန်မအဆိုကို သူတို့ထားပေးခဲ့ပါ တယ်။ ကန့်ကွက်သူရှိပါသလားဆိုတဲ့အခါမှာ အဲဒီဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ အမျိုးသမီးများအတွက် ရောဘာလုပ်ပေးမလဲဆိုတဲ့ မေးခွန်းလေးနဲ့ ပြောစရာလေးရှိပါတယ်။ ပြောခွင့်ပြုပါရှင်။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်ရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ နိုင်ငံမှာ ဒီမိုကရေစီရရှိလာသည်မှာ သက်တမ်းအလွန်နုနေပါသေးတယ်။ မူကြိုအရွယ်လောက်ပဲရှိပါသေးတယ်။ အဲဒီအချိန်မှာ ယခုလို မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးလက်ထပ်ထိမ်းမြားခြင်းဥပဒေအပါအဝင် ဘာသာကို အခြေခံ သော ဥပဒေ(၄)ရပ်ကို ဤပြည်သူ့လွှတ်တော်ကြီးမှ ပြဋ္ဌာန်းရန်မသင့်တော်ပါ။ မြန်မာနိုင်ငံမှာ နေထိုင်တဲ့ ပြည်ထောင်စုဖွားအားလုံးအတွက် မရှိမဖြစ်အကျိုးရှိသော ဥပဒေမဟုတ်ဘဲ ဘာသာ မတူသော လူနည်းစုတိုင်းရင်းသားများကို သွေးခွဲဆက်ဆံသောဥပဒေဖြစ်ကြောင်း သိရပါတယ်။ ဤဥပဒေသည် နိုင်ငံတကာဥပဒေနှင့်လည်း၊ စံချိန်စံညွှန်းနဲ့လည်း မကိုက်ညီပါ။ နိုင်ငံတကာက ကျွန်မတို့နိုင်ငံကို စောင့်ကြည့်နေတဲ့အချိန်လည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ လူဦးရေ ၅၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပါတယ်။ အမျိုးသမီးနှင့် လူငယ်များအတွက် အကျိုးရှိသော၊ ကာကွယ်သောဥပဒေ

မဟုတ်ဘဲ ချည်နှောင်ထားသောဥပဒေ ဖြစ်ပါတယ်။ ဤဥပဒေကို ပြဌာန်းမယ်ဆိုရင် ကိုယ့်ဘာသာ အတွင်း ဥပဒေများပြဌာန်းဖို့သာဖြစ်ပါတယ်။ ယခုလို နိုင်ငံတော်ကတာဝန်ယူဆောင်ရွက်ရန် မလိုပါ။ တိုင်းရင်းသားများကို အခွင့်အရေးပေးမယ်ဆိုရင် ဤဥပဒေကို ပြဌာန်းရန်မသင့်ပါ။ သို့ဖြစ်ပါ သောကြောင့် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ (၁) ၂၀၀၈ အခြေခံဥပဒေပုဒ်မ ၃၄၊ ၃၄၇၊ ၃၄၈၊ ၃၅၁၊ ၃၅၃ တို့နှင့်လည်း ကိုက်ညီမှုမရှိ။ (၂) ဤဥပဒေသည် အထူးလူ့အခွင့်အရေးများဖြစ်သော ကျားမတန်းတူ အခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် လူတစ်ဦးတစ်ယောက်၏ ရွေးချယ်ပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်ပါတယ်။ (၃) ၂၀၁၂ ခုနှစ်၊ အာဆီယံလူ့အခွင့်အရေး ကြေညာစာတမ်းနဲ့လည်း ဆန့်ကျင်ပါတယ်။ (၄) ၁၉၄၈ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့် အရေးကြေညာစာတမ်းနဲ့လည်း ဆန့်ကျင်ပါတယ်။ (၅) ၁၉၇၉ ခုနှစ်၊ အမျိုးသမီးများ နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေး(CEDAW)တို့နဲ့လည်း ဆန့်ကျင်ပါတယ်။ (၆) ၁၉၈၉ ခုနှစ်၊ ကလေး သူငယ်အခွင့်အရေးပဋိညာဉ်စာချုပ်နဲ့လည်းဆန့်ကျင်ပါတယ်။ (၇) ဤဥပဒေသည် လူမျိုးကိုးကွယ် သည့်ဘာသာမတူသူများ၊ ရပ်ရွာပတ်ဝန်းကျင်ဒေသတွင် ရန်လိုစိတ်၊ မုန်းတီးစိတ်များ တွန်းအားပေး သဖြင့် အခြေခံဥပဒေပုဒ်မ ၃၆၄ တို့ကိုလည်း ချိုးဖောက်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မြန်မာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းဥပဒေအပါအဝင် ဘာသာကို အခြေခံသော ဥပဒေ(၄)ရပ်အား ပါတီစုံ၊ လူမျိုးစုံ၊ ဘာသာစုံနေထိုင်သော ဤလွှတ်တော်ကြီးမှ ရေးဆွဲအတည်ပြုခြင်း မပြုပေးပါရန် အလေးအနက်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မူလကတည်းက ဆွေးနွေးသွားတဲ့ ဒေါ်ဇာတလဲမ်း ပါတဲ့အတွက် ကျွန်တော် ခွင့်ပြုတာဖြစ်ပါတယ်။ အခု သဘောမတူတဲ့သူ၊ သဘောတူတဲ့သူ သဘောတူပါသလားဆိုတာ အားလုံး သဘောတူပြီး သဘောမတူတဲ့သူရှိပါသလားဆိုတော့ ဒေါ်ဇာတလဲမ်း ပြောတဲ့အတွက် ဒေါ်ဇာတလဲမ်း တစ်ဦးတည်း သဘောမတူလိုက်ဘူးဖြစ်ပါတယ်။ ဒါကြောင့် အများသဘောတူတဲ့အတွက် ကျွန်တော် ဆက်လက်ဆောင်ရွက်လိုက်ပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့တော့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးမှ ဒီအဆင့်ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်။ သို့သော် စာရင်းပေးတဲ့အချိန်မှာလည်း ဒေါ်ဇာတလဲမ်းအနေနဲ့ နည်းဥပဒေအရစာရင်းပေးသော်လည်း ဒီဆွေးနွေးမယ့်အကြောင်းအရာကို သီးခြားတစ်ခုချင်းတင်ပြခြင်း မဟုတ်ပါဘူး။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ Right အနေနဲ့ကျွန်တော်တို့က ဒါဆွေးနွေးဖို့အတွက်ဆိုတဲ့ဟာပေါ်မှာ သီးခြားကန့်ကွက်ခြင်း မရှိခဲ့ပါဘူး။ အဲဒီတော့ ဒီဥပဒေကြမ်းမှာတော့ ဒါဒေါ်ဇာတလဲမ်း စွပ်စွဲသလိုအချက်များနဲ့ မကိုက်ညီဘူးဆိုတဲ့အချက်ကို သီးခြားအနည်းငယ်လေးတင်ပြလိုပါတယ်။ ဒီဥပဒေကြမ်းရဲ့မူလကတော့ ၁၉၃၉ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေဟာ လွတ်လပ်ရေး မရခင်ကစတင်ခဲ့တဲ့ ဥပဒေပါ။ ဒါမြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများအတွက်။ ၁၉၅၃ ခုနှစ်မှာ ထပ်မံပြဋ္ဌာန်းခဲ့ပါတယ်။ ယခုအကြိမ်သည် ကျွန်တော် တို့ပြန်လည်ပြင်ဆင်ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီအတွက်ကိုတော့ အကျယ်သီးခြားဆောင်ရွက်စရာ၊ ဆွေးနွေးစရာအနေနဲ့ ကျွန်တော်တို့အနေနဲ့ ထပ်မံတင်ပြလိုခြင်းမရှိပါဘူး။ ဒေါ်ဇာတလဲမ်းရဲ့တင်ပြချက်အရ ဒါသီးခြားမဲခွဲရန်မလိုဘဲနဲ့ ဒါကျွန်တော်တို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ဟာ ရယူပြီးဖြစ်တယ်လို့ ဒါဥပဒေကြမ်းကော်မတီကိုယ်စား တင်ပြလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဲဒီတော့ အသံမထွက်ဘူးလို့ပြောတဲ့အတွက် ကျွန်တော်တို့ စက်ခလုတ်နဲ့ မခွဲတော့ဘဲနဲ့ ဒီတိုင်းပဲကျွန်တော်မေးလိုက်ပါမယ်။ ဘာလို့လဲဆိုတော့ သဘောတူတဲ့သူရှိပါသလားဆိုတော့ သဘောမတူတဲ့သူက ဒေါ်ဇာတလဲမ်းနာမည်ပါတယ်။ အဲဒီတော့ သဘောမတူတဲ့သူ၊ ကန့်ကွက်တဲ့သူများ ရှိပါသေးလားခင်ဗျား။ ရှိရင် မတ်တတ်ရပ်ပြလိုက်ပါ။ ဒေါ်ဇာတလဲမ်းကိစ္စပဲဖြစ်တဲ့အတွက် ကျွန်တော် သဘောမတူတဲ့သူပဲ ကျွန်တော် မေးတာပါ။ ဒေါ်ဇာတလဲမ်းတစ်ဦးတည်း ဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော် စက်ခလုတ်အသုံးပြုပြီးတော့ မဲမခွဲတော့ပါဘူး။ အချိန်ကာလလေးလည်း လိုချင်လို့ပါ။ သဘောတူ လက်ခံပါတယ်နော်။ ကျေးဇူးပါတယ်။ ဒါကြောင့်မို့လို့ သဘောမတူတဲ့သူက ဒေါ်ဇာတလဲမ်း တစ်ဦးတည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ (၁၈) ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနဲ့ ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ် ကြောင်း အတည်ပြုကြေညာပါတယ်။ ( ဩဘာသံများ )

**ဒုတိယဥက္ကဋ္ဌ**။ ။ မြန်မာ့ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောကွဲလွဲချက်(၉)ချက်ကို တင်ပြဖို့ အတွက် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များအတိုင်း သဘောမတူပဲ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပါ အချက်(၉)ချက်တို့မှာ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အခန်း(၄) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(ဂ)၊ အခန်း(၇) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)၊ အခန်း(၈) အပိုဒ် ၃၈၊ ဇယားပုံစံ(က)၊ ပုံစံ(ခ) နှင့် ပုံစံ(ဂ)တို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ သဘော ကွဲလွဲသည့် အချက်(၉)ချက်အား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက်(၉)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်း ကော်မတီ၏တင်ပြချက်ကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲ ချက်(၉) ချက်အား အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်းသဘောမတူကြောင်း တင်ပြခြင်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြတဲ့ ဥပဒေ ကြမ်းကော်မတီ၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းတို့က ပြင်ဆင်ချက် (၄)ချက်အား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယခုဆက်လက်ပြီး

စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း၏ အပိုဒ် ၃ အပိုဒ်ခွဲ(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမဆိုသည်မှာ မြန်မာနိုင်ငံသားဖြစ်သည့်အပြင် ဗုဒ္ဓဘာသာကိုးကွယ်သော မိန်းမ သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသော မိန်းမကိုဆိုသည်။ သို့ရာတွင် ထိုမိန်းမသည် ဗုဒ္ဓဘာသာမှ အခြားဘာသာတစ်ခုခုသို့ အထင်အရှားကူးပြောင်း၍ ထိုအခြားဘာသာကို တရားဝင်ကူးပြောင်းကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရဆိုသည့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီက အတည်ပြုထားသည့်အတွက် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းရဲ့ အမှတ်စဉ် ၂ အခန်း(၁) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ကို ကျွန်မအနေနဲ့ ပယ်ဖျက်ရန် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)မှာ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမဆိုတဲ့ စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ တိုင်းရင်းသားအမျိုးသမီးများနှင့် နိုင်ငံသားအမျိုးသမီးများရဲ့အခွင့်အရေးများကို ကာကွယ်ပေးရန် မပါရှိဘဲ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများရဲ့ အခွင့်အရေးသက်သက်ကိုသာ ကာကွယ်ပေးရန် ဖွင့်ဆိုထားတာကို တွေ့ရှိရပါတယ်။ အခုအချိန်ဟာ ကျွန်မတို့နိုင်ငံတော်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့ကိုလည်း ဆောင်ရွက်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒီလိုအချိန်မှာ တိုင်းရင်းသားလူနည်းစုကို ခွဲခြားဆက်ဆံသလိုဖြစ်စေတဲ့ အထူးဥပဒေကို ပြဋ္ဌာန်းခြင်းကို ပြန်လည်ဆန်းစစ်စေချင်ပါတယ်။ ကိုးကွယ်ရာ ဘာသာမတူတဲ့ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ မဟာမေဒင်ဘာသာနှင့် တရုတ်ဘာသာတို့ကို ကိုးကွယ်တဲ့ အခြားလူမျိုးစုအလိုက် ကိုးကွယ်ခြင်းဆိုင်ရာဘာသာကွဲပြားတဲ့ အမျိုးသမီးများဟာလည်း ဥပဒေရဲ့

အခွင့်အရေးကိုတန်းတူရသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၄၈ တို့မှာ နိုင်ငံသားတိုင်း ကိုးကွယ်ရာဘာသာခွဲခြားမှုမရှိစေရဘဲ တန်းတူညီမျှမှုရှိသော အခွင့်အရေးများကို ခံစားခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း(UDHR) ၁၉၇၉ ခုနှစ် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (CEDAW)၊ ကလေးသူငယ်များရဲ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်(CRC)၊ အာဆီယံလူ့အခွင့်အရေးဆိုင်ရာကြေညာစာတမ်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇၊ ၃၄၈၊ ၃၅၁၊ ၃၅၃ နှင့် ၃၆၄ တို့နှင့်လည်း ကွဲလွဲမှုတွေရှိနေတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒီဥပဒေဟာ အထူးဥပဒေတစ်ရပ်ဖြစ်တဲ့အပြင် ဒီဥပဒေပြဋ္ဌာန်းပြီးပါက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ပယ်ဖျက်မယ်လို့ ကျွန်မတို့သိရပါတယ်။ ဒါကြောင့် အထူးဥပဒေသစ်မှာ လက်ထပ်ထိမ်းမြားလိုတဲ့အဖော်ကို လွတ်လပ်စွာ ရွေးချယ်ခွင့်ကို ကန့်သတ်ချုပ်ချယ်ထားမယ့်အစား ဥပဒေကြမ်းဟာ လက်ထပ်ထိမ်းမြားခြင်းအားလုံးအတွက် တူညီသော စည်းမျဉ်းစည်းကမ်းမူဘောင်တစ်ခုကို ပံ့ပိုးပေးသင့်ပါတယ်။ ဥပဒေမှာ လက်ထပ်ထိမ်းမြားခြင်းများကို ထုံးတမ်းစဉ်လာနှင့်ညီအောင် ပြုလုပ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ပစ္စည်းခန်းခွဲဝေခြင်း၊ အိမ်ထောင်ဖက်စရိတ်နှင့် ကလေးသူငယ်များအား ထိန်းသိမ်းခွင့်၊ စောင့်ရှောက်ခွင့်၊ အုပ်ထိန်းခွင့်နှင့် ကလေးစရိတ်များကို ပြည့်ပြည့်စုံစုံထည့်သွင်းဖော်ပြသင့်ပါတယ်။ နိုင်ငံတကာလူ့အခွင့်အရေးစံသတ်မှတ်ချက်များအပေါ် အခြေခံထားပြီး တူညီသော မူဘောင်အတွင်းတွင် ဖော်ပြထားသော တာဝန်နှင့်ဝတ္တရားများကို မလျော့နည်းစေတဲ့ လင်မယားတို့ရဲ့ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာအခမ်းအနားများကို လုပ်ပိုင်ခွင့်တို့ကိုလည်း ထိန်းသိမ်းပေးရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများအကြား ခွဲခြားမှု၊ ယဉ်ကျေးမှုကွာဟခြင်း၊ ဓလေ့ထုံးစံတို့ကို လေးစားလိုက်နာ၍ ညီညွတ်မှု၊ သွေးစည်းမှုကိုမြှင့်တင်သော ဥပဒေဖြစ်ခြင်းဟာ ပိုပြီးသင့်လျော်မယ်လို့ ယူဆပါတယ်။ ဒါကြောင့် မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများကို ကာကွယ်ရန် စေတနာကောင်း၊ ရည်ရွယ်ချက်ကောင်းနဲ့ ရေးဆွဲခဲ့တဲ့ဥပဒေကြမ်းကို ယခုထက်ပိုမိုပြည့်စုံပြီး ထာဝရလေးစားလိုက်နာနိုင်တဲ့ ဥပဒေကောင်းတစ်ခုဖြစ်ရန် ပြန်လည်ပြုပြင်သင့်ပါတယ်။ ဒါကြောင့် ပုဒ်မ ၃ ပုဒ်မခွဲ(ခ)ကို ပြန်လည်ပြင်ဆင်ရန်နှင့် ပယ်ဖျက်သင့်ပါကြောင်း ကျွန်မအနေနဲ့ လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ ဆွေးနွေးချက်နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားကို တင်ပြမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားမှုဥပဒေဆိုတာ အခုမှ အသစ်ရေးဆွဲပြဋ္ဌာန်းတဲ့ ဥပဒေမဟုတ်ပါဘူး။ တည်ဆဲ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ၁၉၅၄ ခုနှစ်၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုဆိုင်ရာ ဥပဒေဟာ လက်ရှိတည်ဆဲဥပဒေဖြစ်ပါတယ်။ ဒီတည်ဆဲဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြုပြင် ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း ပထမဦးဆုံးအနေနဲ့ တင်ပြလိုပါတယ်။ အခုဆွေးနွေးသွားတဲ့ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ပါ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်ပြီးတော့ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာလည်း ၁၉၅၄ ခုနှစ်၊ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်း ဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်းပဲဖြစ်ပါတယ်။ အသစ်ပြင်ဆင်ရေးဆွဲထားခြင်းမရှိကြောင်း တင်ပြပါတယ်။ အဲဒီမှာပါတဲ့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မြန်မာဗုဒ္ဓ ဘာသာဝင်မိန်းမဆိုသည်မှာ မြန်မာနိုင်ငံသားဖြစ်သည့်အပြင်လို့ ဖော်ပြထားတဲ့အတွက် မြန်မာ နိုင်ငံသားဆိုတဲ့အထဲမှာ တိုင်းရင်းသားများပါရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

နောက် ဗုဒ္ဓဘာသာကိုးကွယ်တဲ့ အမျိုးသမီးများကို အခွင့်အရေးပေးခြင်းနှင့်ပတ်သက်လို့ ကတော့ ဒီဥပဒေရဲ့ ရည်ရွယ်ချက်ကိုက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများကို အထူးကာကွယ်ပေးဖို့ အတွက် ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းရတဲ့အကြောင်းကလည်း မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများအပေါ်မှာ ဖိနှိပ်တဲ့၊ ချုပ်ချယ်တဲ့ အချက်အလက်လေးတွေရှိနေတဲ့အတွက် ဒီဥပဒေနှင့် ပတ်သက်ပြီးတော့ ၁၉၃၀ ခုနှစ်ကတည်းက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအတွက် ကာကွယ်တဲ့ ဥပဒေရေးဆွဲခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့အခါမှာလည်း ၁၉၅၄ ခုနှစ်မှာလည်း ၁၉၃၀ ခုနှစ်က ဥပဒေကိုပြုပြင်ပြီးတော့ ၁၉၅၄ ခုနှစ်ဥပဒေဆိုပြီးရေးဆွဲပါတယ်။ အဲဒီအချိန်တုန်းကလည်း အဲဒီ ခေတ်က ပါလီမန်မှာ အထူးတလည် ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ ပြဋ္ဌာန်းသင့်/မသင့်ကို အထူး

တလည် ဆွေးနွေးကြပြီးတော့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအတွက် အထူးကာကွယ်ပေးဖို့လိုအပ်တယ်လို့ ပါလီမန်က ယူဆပြီးတော့ ၁၉၅၄ ခုနှစ် ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ အခုချိန်အခါမှာလည်း ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအတွက် အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရန်သင့်ကြောင်း တွေ့ရတဲ့အတွက် ဒီ ၁၉၅၄ ခုနှစ် ဥပဒေကိုပဲ ခေတ်နှင့်လျော်ညီအောင် အရေးအသားများကို ပြုပြင်ပြီးတော့ လိုအပ်တဲ့ တချို့အခန်းလေးတွေကို ဖြည့်စွက်ပြီးတော့ ပြဋ္ဌာန်းခြင်းဖြစ်ပါကြောင်း၊ ဒါကြောင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမဆိုတဲ့ ကျွန်တော်တို့အဓိပ္ပာယ်ဆိုချက်နှင့်ပတ်သက်ပြီး ပယ်ဖျက်ရန်မသင့်ပါကြောင်း၊ အကယ်၍ ပယ်ဖျက်မယ်ဆိုရင် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမဆိုတာ မြန်မာနိုင်ငံသားဖြစ်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ရှိတဲ့အတွက် မြန်မာနိုင်ငံသားမဟုတ်တဲ့ အခြားဗုဒ္ဓဘာသာဝင်တွေပါ အကျုံးဝင်နေမှာဖြစ်တဲ့အတွက် ဥပဒေရဲ့ရည်ရွယ်ချက်ကတော့ ဒီလိုရည်ရွယ်တာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံသားဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်ကိုးကွယ်တဲ့ မိန်းမများကိုသာလျှင် ကျွန်တော်တို့ အကာအကွယ်ပေးဖို့ ရည်ရွယ်ခြင်းဖြစ်ပါကြောင်း ဒါကြောင့်မို့လို့ ဒီပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပယ်ဖျက်ရန်မသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်ကြီးက ပယ်ဖျက်ဖို့ပြောပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတော့ ပယ်ဖျက်ဖို့မသင့်ကြောင်း ပြောပါတယ်။ ဒါ ကျွန်တော်တို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပဲဖြစ်တယ်။ ဒါကြောင့်မို့လို့ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီးတော့ မဲခွဲဆုံးဖြတ်ဖို့ ဆောင်ရွက်ပါမယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံချက်များရင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများရင် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပြီးတော့ ဆန္ဒမဲပေးဖို့ ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးလို့ပြီးပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၀၁ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၆ မဲ၊ ကြားနေဆန္ဒမဲ ၆ မဲ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံဆန္ဒမဲများတဲ့အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(ခ)သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၁၃ အပိုဒ်ခွဲ(င)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း၏ အခန်း(၃) အပိုဒ် ၁၃ အပိုဒ်ခွဲငယ်(င) ထိုအမိန့်ကို ကျေနပ်မှုမရှိပါက သက်ဆိုင်ရာခရိုင်တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည် ဟူသော ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ထားတဲ့ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်မှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြင်ဆင်အဆိုပြုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်း ထားတဲ့ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၅ ပုဒ်မခွဲ(ဃ)နှင့် (င)အရဆိုလို့ရှိ ရင်တော့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များရဲ့ စီရင်ချက်များကို ဆုံးဖြတ်နိုင်သော၊ အယူခံစီရင် ပိုင်ခွင့်အာဏာရှိသည်။ ထို့အပြင် အခြားတရားရုံးများက ချမှတ်သော စီရင်ချက်များကိုလည်း ဥပဒေ နှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်သော အယူခံစီရင်ပိုင်ခွင့်အာဏာရှိတယ်လို့ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရဲ့ မူလစီရင်ပိုင်ခွင့်အာဏာမှာပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ မိခင်ဥပဒေဖြစ်တဲ့အတွက် ကျန်တဲ့ဥပဒေတွေက ဒီဥပဒေတွေကို လွှမ်းမိုးလို့မဖြစ်နိုင်ပါဘူး။ အဲဒီတော့ အကယ်၍သာ ဥပဒေတစ်ခုက ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ပြီးတော့ပဲဖြစ်ဖြစ်၊ လိုက်လျောညီထွေမဟုတ်ဘဲဖြစ်ဖြစ် တိုင်းဒေသကြီး သို့တည်းမဟုတ် တခြားနေရာကနေပြီးတော့ အပြီးသတ်ဖြစ်တယ်ဆိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လိုက်လျောညီထွေမှုမရှိပါဘူး။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ပြည်ထောင်စုတရား

စီရင်ရေးဥပဒေကို ပြဋ္ဌာန်းပြီးသားဖြစ်တဲ့အတွက် ထိုအမိန့်ကို မကျေနပ်မှုရှိပါက ပြည်ထောင်စု တရား စီရင်ရေးဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်ဟု ကျွန်တော်ပြင်ဆင်အဆိုပြုခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၏ ဆွေးနွေးချက်နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက ဥပဒေထဲမှာပါတဲ့ အမိန့်အပေါ်မှာ ခရိုင်တရားရုံးကိုပဲ အယူခံဝင်ခွင့်ရှိရမယ်လို့ ဥပဒေမှာ ပြဋ္ဌာန်းထားတာနဲ့ပတ်သက်ပြီးတော့ ဒီအမိန့်ဟာဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အယူခံပိုင်ခွင့်ရှိရမယ်ဆိုတာနဲ့ ဆန့်ကျင်တဲ့အတွက် အယူခံပိုင်ခွင့်အဆင့်ဆင့်ရရှိဖို့အတွက် ပြင်ဆင် သင့်ကြောင်း တင်ပြခြင်းဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အယူခံပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတာ မှန်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းထားတဲ့နေရာမှာ အယူခံပိုင်ခွင့်ဆိုတဲ့နေရာမှာ အမြင့်ဆုံးတရားရုံးဖြစ်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထိအောင် အဆင့်ဆင့် အယူခံပိုင်ခွင့်ရှိရမယ်လို့ ပြဋ္ဌာန်းထားခြင်း မဟုတ်ပါဘူး။ အယူခံပိုင်ခွင့်ပေးရမယ်လို့ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လက်ရှိ တည်ဆဲဥပဒေမှာ သာဓကတင်ပြရမယ်ဆိုရင်လည်း ကျွန်တော်တို့ တရားမကျင့်ထုံးဥပဒေမှာ ဆိုရင်လည်း လက်ရှိ တည်ဆဲပုဒ်မဖြစ်တဲ့ ၁၀၂ မှာ ကန့်သတ်ထားတာရှိပါတယ်။ ပုဒ်မ ၁၀၂ မှာပါတဲ့ သိန်း ၂၀ ထက်မကျော်လို့ရှိရင် ဒုတိယအယူခံပိုင်ခွင့်မရှိဘူးလို့ ကန့်သတ်ထားတာဆိုရင် လက်ရှိ တည်ဆဲဥပဒေဖြစ်ပါကြောင်း သာဓကအနေနဲ့ ဒုတိယအယူခံပိုင်ခွင့်ကို ပိတ်ပင်ထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ထို့နည်းတူပဲ အခြားဥပဒေမှာလည်း အထူးဥပဒေတချို့မှာဆိုရင်လည်း ဒီအယူခံပိုင်ခွင့်နှင့် ပတ်သက်ပြီးတော့လည်း ဘယ်အဆင့်ထိပဲ အယူခံပိုင်ခွင့်ရှိရမယ်လို့ ပြဋ္ဌာန်းချက်များရှိပါတယ်။ ဒါကြောင့် အယူခံပိုင်ခွင့်ပေးထားပြီးဆိုရင်တော့ ဒါအယူခံပိုင်ခွင့်ရရှိထားပြီးဖြစ်တဲ့အတွက် ဒုတိယ အဆင့်ပဲ အယူခံခွင့်ရှိရှိ၊ ထိပ်ဆုံးအဆင့်ထိအောင်ရောင်အောင် အယူခံပိုင်ခွင့်ရှိရှိ ဒါဟာဆိုလို့ရှိရင်

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ဒီပုဒ်မမှာလည်း နဂိုက ၁၉၅၄ ခုနှစ် အခု လက်ရှိတည်ဆဲဥပဒေမှာတော့ အယူခံပိုင်ခွင့်တောင်မပေးပါဘူး။ အဲဒီဟာ ဒီမှာ သူတို့ပေါ်ပေါက်တဲ့ပြဿနာက ထိမ်းမြားလက်ထပ်ဖို့အတွက် လျှောက်ထားလာတဲ့အခါမှာ ဒီလျှောက်ထားတဲ့သူတွေက ပြဋ္ဌာန်းထားတဲ့ အရည်အချင်းနှင့် ညီညွတ်၊ မညီညွတ်ဆိုတာကို ကန့်ကွက်ချက်ရှိလာမယ်ဆိုလို့ရှိရင် ဒီကန့်ကွက်ချက်အပေါ်မှာ အကျဉ်းနည်းနှင့်စစ်ဆေးပြီးတော့မှ ချမှတ်တဲ့အမိန့်ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို အကျဉ်းနည်းနှင့်စစ်ဆေးပြီးတော့ ချမှတ်တဲ့ အမိန့်ပေါ်မှာ လက်ရှိတည်ဆဲ ၁၉၅၄ ခုနှစ်ဥပဒေမှာတော့ အယူခံပိုင်ခွင့်ကို ပေးအပ်မထားပါဘူး။ သို့သော် အခု ဒီမှာ တင်ပြတဲ့ ပြည်သူ့လွှတ်တော်ကအတည်ပြုထားတဲ့ အခု မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူး ထိမ်းမြားမှုဥပဒေမှာတော့ ခရိုင်တရားရုံးအထိအောင် တစ်ဆင့်အယူခံဝင်ခွင့် ပေးအပ်ထားတာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက တွေ့ရှိထားတဲ့အတိုင်းပဲ ဒီဥပဒေကြမ်းမှာ ရေးဆွဲထားတဲ့ ပြဋ္ဌာန်းချက်ဟာဆိုလို့ရှိရင် အယူခံပိုင်ခွင့်ကို ပေးအပ်ထားတာဖြစ်တဲ့ အတွက် ဒါဟာဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်မှုမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တွေ့ရှိချက်ကို အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၃ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဦးခင်မောင်ဝင်း၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဒါကြောင့်မို့လို့ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၉၆ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၉ မဲနှင့် ကြားနေဆန္ဒမဲမရှိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အပိုဒ် ၁၃ အပိုဒ်ခွဲ(င)သည် ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ ဥပဒေကြမ်း၏ အခန်း(၆) အပိုဒ် ၂၂ အပိုဒ်ခွဲ(င) မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံးသို့ အယူခံခွင့်ရှိသည်ဟူသော ပြည်သူ့လွှတ်တော်၏ သဘောတူ အတည်ပြုချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ကိုဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခု ပြင်ဆင်အဆိုပြုချက်ကလည်း ပြီးခဲ့တဲ့ပုဒ်မနှင့် အလားတူပါပဲ။ အဲဒီမှာ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်က အပြီးအပြတ်မဖြစ်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကသာလျှင် အပြီးဖြစ်စေသင့်တယ်ဆိုလို့ ဒီလို ကျွန်တော် သုံးသပ်ရရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမှာမဟုတ်ဘဲနဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့် အညီသာ အယူခံခွင့်ရှိတယ်လို့ ကျွန်တော် ပြင်ဆင်စေချင်ပါတယ်။ နောက်ဒုတိယတစ်ချက် ဒုတိယဥက္ကဋ္ဌကြီးကို တစ်ဆက်တည်း ကျွန်တော် တင်ပြလိုတာက ပြင်ဆင်ဖို့ အဆိုပြုလွှာတင်တဲ့အချိန်မှာ ကျွန်တော် ပုဒ်မ(၃)ခုကို တင်ပြခဲ့ပါတယ်။ ကျန်တဲ့ပုဒ်မက ပုဒ်မ ၄၄ ဖြစ်ပါတယ်။ ပုဒ်မ ၄၄ နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီနေ့ ဖြန့်ဝေထားတဲ့ ဇယားထဲမှာမပါတဲ့အတွက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးကို တင်ပြပါတယ်။ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးကလည်း ကျွန်တော် ပြင်ဆင်အဆိုပြုတဲ့ အဆိုပြုလွှာကို ကြည့်တာကလည်းတစ်ကြောင်း၊ ကျန်တဲ့ တာဝန်ရှိတဲ့ကော်မတီဝင်များနှင့်ညှိနှိုင်းပြီးတော့ ကျွန်တော် ပြောတာမှန်ပါတယ်ဆိုပြီးတော့ ပုဒ်မ ၄၄ ကို တစ်ဆက်တည်း တင်ပြဖို့ ခွင့်ပြုပါတယ်။ ဒါကြောင့် ဒုတိယဥက္ကဋ္ဌကြီးကလည်း ခွင့်ပြုပါလို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒါပြီးလို့ရှိရင်တော့ ကျွန်တော် ပုဒ်မ ၄၄ ကို ဆက်လက်ပြီးတင်ပြပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားကို ပြောပေးပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခုနက အပိုဒ် ၁၃ အပိုဒ်ခွဲ(င)မှာ ရှင်းလင်းတင်ပြခဲ့တဲ့ အတိုင်းမှာပဲ မြို့နယ်တရားရုံးက ချမှတ်တဲ့အမိန့်ကို ခရိုင်တရားရုံးသို့ အယူခံဝင်ခွင့်ရှိသည်ဆိုရင်

တော်လောက်ပါပြီလို့၊ သင့်တော်ပါပြီလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ထောက်ခံတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဦးခင်မောင်ဝင်း၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရရှိတဲ့ ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၀၅ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၈ မဲနှင့် ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများတဲ့အတွက် အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၈ ဥပဒေကြမ်း၏ အခန်း(၇) အပိုဒ် ၂၄ ဟိန္ဒူဘာသာ၊ ဆစ်ဖ်ဘာသာ၊ ဂျိန်ဘာသာ တစ်ရပ်ရပ်ကို ကိုးကွယ်သောပစ္စည်း မခွဲဝေရသေးသောမိသားစုဝင် ယောကျာ်းသည် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှ ခွဲခွာခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ထို့အပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့်ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမနှင့်သားသမီးများသို့ သက်ရောက်ရမည်ဟူသော ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို အမျိုးသားလွှတ်တော်က လက်ခံအတည်ပြုထားသည့်အချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၆ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီဥပဒေရဲ့ အမှတ်စဉ် ၈ အခန်း(၇) ပုဒ်မ ၂၆ ကို ကျွန်မအနေနဲ့ ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ပုဒ်မ ၂၆ ဟာ Burma Code Volume-11 မှာ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေရဲ့ ပုဒ်မ ၂၃ မှာ ပါရှိပြီး ဖြစ်ပါတယ်။ ဒီဥပဒေရဲ့ ပုဒ်မ ၂၃ မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့မြန်မာအမျိုးသမီးများဟာ အခြားဘာသာများနှင့် ထိမ်းမြားလက်ထပ်မှုကို ကာကွယ်ပေးထားတဲ့ပုဒ်မပဲ ဖြစ်ပါတယ်။ ဒါကြောင့် ၁၉၅၄ ခုနှစ် ဥပဒေဟာ ယနေ့အချိန်အထိ ခေတ်မီပြီး ဗုဒ္ဓဘာသာအမျိုးသမီးများသာမက အခြားဘာသာကိုးကွယ်သူများ၏အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုတို့ကို ပြည့်စုံစွာဖော်ပြထားပါတယ်။ စောစောလေးကပါပဲ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအနေနဲ့ကလည်း ၁၉၅၄ ခုနှစ် ဥပဒေဟာ ခေတ်မီပြီးတော့ ဒီဥပဒေကိုပဲ အတည်ပြုပြီးတဲ့နောက်မှာ ဒီဥပဒေမှာပါတဲ့ အချက်တွေအတိုင်းပဲ ဥပဒေသစ်တစ်ရပ်ရေးဆွဲထားတယ်လို့ ပြောထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းဖို့ရန်ဆိုလို့ရှိရင်တော့ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအဖြစ်သာ ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ အမြဲတမ်းခေတ်မီပြီး ပိုမိုကောင်းမွန်တဲ့ဥပဒေတစ်ရပ်အဖြစ် ပြည့်စုံအောင်ပြဋ္ဌာန်းမယ်ဆိုရင် ဒီဥပဒေကို ဒီ့ထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆွေးနွေးဖို့ရာ လိုအပ်သေးတယ်လို့ ကျွန်မတို့အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေလို နှစ်ပေါင်းများစွာ လိုက်နာကျင့်သုံးနိုင်တဲ့၊ ပြည့်စုံတဲ့ ဥပဒေကောင်းတစ်ရပ် ဖြစ်လာစေရန်အတွက်လည်း နိုင်ငံတကာဥပဒေများအရလည်းကောင်း၊ လူ့အခွင့်အရေးအရလည်းကောင်း၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်များနှင့် ကိုက်ညီမှုရှိသော ဥပဒေတစ်ရပ်ဖြစ်စေရန်အတွက်လည်းကောင်း ဒီဥပဒေပါပုဒ်မများကို ပြန်လည်ပြင်ဆင်ရန် သင့်တော်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ Burma Code မှာ ဆိုလို့ရှိရင် ဖော်ပြထားတာက ဗုဒ္ဓဘာသာဝင်အမျိုးသမီးများသာမကပါဘူး။ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ အခြား ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ မဟာမေဒင်ဘာသာ၊ တရုတ်ဘာသာကိုးကွယ်တဲ့ အမျိုးသမီးတွေအတွက်ပါ ပြည့်ပြည့်စုံစုံ ဒီ Burma Code ရဲ့ဥပဒေထဲမှာ ဖော်ပြထားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် ဒီဥပဒေဟာ ကျယ်ကျယ်ပြန့်ပြန့်နဲ့

အမျိုးသမီးများအားလုံးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေတစ်ရပ်ဖြစ်ဖို့ရန်အတွက်ဟာ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကို အလေသုံးဆယ် မပြဌာန်းသင့်သေးပါကြောင်း တင်ပြရင်း အကြံပြုအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားကို ပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ တင်ပြချက်နှင့် စပ်လျဉ်းပြီးတော့ ပြန်လည်ရှင်းလင်းတင်ပြရမယ်ဆိုရင် အခု ဒီဥပဒေကြမ်းမှာဖော်ပြထားတဲ့ ပုဒ်မ ၂၄ ဟာဆိုလို့ရှိရင် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းများ အထူးထိမ်းမြားမှုဥပဒေမှာပါတဲ့ ပြဌာန်းချက် အတိုင်းပဲဖြစ်ပါတယ်။ ပြဌာန်းချက်နဲ့ ထပ်တူပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ တင်ပြချင်တာက အခု ကျွန်တော်တို့ ရေးဆွဲတင်ပြတဲ့ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုဥပဒေဟာ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းများ အထူးထိမ်းမြားမှုဥပဒေကို ပြင်ဆင်တဲ့ဥပဒေမဟုတ်ပါဘူး။ အသစ်ရေးဆွဲပြဌာန်းတဲ့ဥပဒေဖြစ်ပါတယ်။ အသစ်ရေးဆွဲပြဌာန်းတဲ့ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေရဲ့ နောက်ဆုံး အထွေထွေပိုင်းမှာ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုဥပဒေကို ပယ်ဖျက်ပြီးဖြစ်ရမယ်လို့ဆိုတဲ့ အပိုဒ်တစ်ပိုဒ် ပါပါတယ်။ ဒါ့ကြောင့် ဒီဥပဒေကို ကျွန်တော်တို့ အသစ်ပြဌာန်းလိုက်မယ်ဆိုရင် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေဟာ ပယ်ဖျက်ပြီးဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းများ အထူးထိမ်းမြားမှုဥပဒေပုဒ်မ ၂၄ မှာပါရှိပြီးဖြစ်တဲ့အတွက် ဒီပြဌာန်းချက်ကို ဒီဥပဒေမှာ ထည့်သွင်းရန် မလိုဘူးဆိုတဲ့ တင်ပြချက်ဟာ နည်းနည်းလေး အယူအဆလွဲမှားနေတယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့် ၁၉၅၄ ခုနှစ်၊ ဥပဒေဟာ ပယ်ဖျက်တော့မှာဖြစ်တဲ့အတွက် အဲဒီဥပဒေထဲမှာပါတဲ့၊ ပြဌာန်းရန်သင့်တဲ့ ဒီပုဒ်မကိုပဲ ဒီဥပဒေမှာ ပုဒ်မ ၂၄ အဖြစ် ထည့်သွင်းပြဌာန်းရခြင်းဖြစ်ပါကြောင်း ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ဒေါ်ခင်စန်းလှိုင်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ တင်ပြတာဟာ တရားလွှတ်တော်ချုပ် တရားသူကြီးအနေနဲ့ကလည်း အခု အသစ်ပြဌာန်းလိုက်တဲ့ဥပဒေဟာ ၁၉၅၄ ခုနှစ် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေလို့ မူလ ပထမ ကျွန်မ ပုဒ်မ

၃ ပုဒ်မခွဲ(ခ)ကို ပြောစဉ်အချိန်တုန်းက ပြောသွားပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်မပြောချင်တာဟာ ဥပဒေသစ်တစ်ရပ်အနေနဲ့ပြဋ္ဌာန်းမှာလား။ ဒါမှမဟုတ်ရင် ၁၉၅၄ ခုနှစ် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေအနေနဲ့ပဲ ပြဋ္ဌာန်းသင့်တယ်လို့ ကျွန်မအနေနဲ့ ဒီလိုပြောခြင်းဖြစ်ပါတယ်။ ဒီဥပဒေအသစ်ထဲမှာ ပါတဲ့ ဇယားတွေကစပြီးတော့ ဥပဒေထဲမှာပါတဲ့ အသုံးအနှုန်းတွေဟာ ၁၉၅၄ ခုနှစ်ဥပဒေကို အခြေခံပြီးဆွဲထားတယ်ဆိုတာ ကျွန်မတို့ နားလည်ပါတယ်။ ဒီဥပဒေထဲမှာပါတဲ့ ကာကွယ်စောင့်ရှောက်မှုတွေက ကျတော့ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအတွက်သာဖြစ်နေပြီးတော့ ကျွန်မတို့ အခြားဘာသာဝင်များနှင့် တိုင်းရင်းသားလူနည်းစုအမျိုးသမီးတွေကို ကာကွယ်တဲ့အချက်တွေ မပါတဲ့အတွက်ကြောင့်မို့လို့ ဒီဟာကို မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများဆိုတဲ့ ဒီလိုခေါင်းစဉ်မျိုးနဲ့ မပြဋ္ဌာန်းသင့်ဘဲနဲ့ ကျွန်မတို့က ဗုဒ္ဓဘာသာဝင်အမျိုးသမီးများသာမက ကျွန်မတို့တိုင်းပြည်ထဲမှာရှိတဲ့၊ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားအမျိုးသမီးများနှင့် အခြားဘာသာကို ကိုးကွယ်တဲ့သူများအတွက်ပါ ထည့်သွင်းပြီးတော့ ဒီဥပဒေဟာ ပြဋ္ဌာန်းသင့်တဲ့အတွက်ကြောင့်မို့လို့ ယခင်ရှိပြီးသား ၁၉၅၄ ခုနှစ် ဥပဒေကို ပြင်ဆင်တဲ့ဥပဒေအနေနဲ့သာ ပြဋ္ဌာန်းသင့်ပါတယ်လို့ ကျွန်မအနေနဲ့ အကြံပြုခြင်းဖြစ်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်ကလည်း ဒေါ်ခင်စန်းလှိုင်ရဲ့ သဘောထားကို မေးမြန်းတာက ၁၉၅၄ ခုနှစ် ဥပဒေကို ဒေါ်ခင်စန်းလှိုင်က ညွှန်းနေတဲ့အတွက် ၁၉၅၄ ခုနှစ် ဥပဒေကို ရုပ်သိမ်းတော့မှာလို့ ပြောတာပါ။ ပြင်ဆင်တာပဲဖြစ်ဖြစ် ပြင်ဆင်တယ်ဆိုတာ ပုဒ်မလေး တစ်ခု၊ နှစ်ခု၊ သုံးခုလောက် ပြင်ဆင်လိုက်တယ်ဆိုရင်တော့ အဲဒီပြင်ဆင်ချက်ကို မူလဥပဒေထဲမှာ ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပြင်ဆင်ချက်က များလာမယ်ဆိုရင်တော့ အခုနက ကျွန်တော်တို့ ပြောတဲ့ ယက်ချည်ထက် ဖာချည်ကများလာမယ်ဆိုရင်တော့ အသစ်ယက်လိုက်တာက ပိုကောင်းတယ်။ ဒါကြောင့်မို့လို့ ဒီဟာက ၁၉၅၄ ခုနှစ် အက်ဥပဒေကို အခြေခံပြီးတော့ ဖြစ်လာတဲ့ဥပဒေပါ။ ဒီဟာ စပြီးတော့ ဥပဒေကြမ်းဝေလိုက်ကတည်းကလည်းပဲ နောက်ဆုံးမှာ ၁၉၅၄ ခုနှစ် ဥပဒေကို ရုပ်သိမ်းလိုက်သည်ဆိုတဲ့ဟာက ပါရှိပြီးဖြစ်နေပါတယ်။ ဒါကိုသာ အန်တီ ဒေါ်ခင်စန်းလှိုင်တွေ့မယ်ဆိုရင် အခုနက ပြောတဲ့ ၁၉၅၄ ခုနှစ်ဥပဒေမှာပါရှိပြီးဖြစ်တယ်ဆိုတဲ့ စကားတောင်မှ ထည့်ပြောစရာမလိုပါဘူး။ ဒါကြောင့် ဒီဟာလေးကို ကွဲပြားစေချင်တဲ့အတွက် ကျွန်တော်က မေးမြန်းလိုက်တာပါ။ ဒါကြောင့်မို့လို့ အခု ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဆန္ဒမဲနဲ့ပဲရယူမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၂၆ နှင့် စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၀၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၇ မဲ၊ ကြားနေဆန္ဒမဲ ၅ မဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ထောက်ခံဆန္ဒမဲများတဲ့အတွက် အပိုဒ် ၂၆ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ခုနက ဦးခင်မောင်ဝင်းက တင်ပြသွားတာရှိပါတယ်။ ပုဒ်မ ၄၄ နှင့်ပတ်သက် ပြီးတော့ ဥပဒေကြမ်းကော်မတီက ပြောပြပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။ အန်ကယ်ဦးခင်မောင်ဝင်းရဲ့ ပြင်ဆင်ချက်တင်ပြထားတာက ၄၄ ဆိုပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ဥပဒေမှာက စုစုပေါင်းရှိတာက ပုဒ်မက ၃၈ ချက်ပဲရှိနေတာဖြစ်ပါတယ်။ အဲဒီတော့ ၄၄ က ဘယ်အချက်ကို ပြင်ပြီးတော့ ဘယ်လိုဆိုတဲ့ဟာက မူရင်းဥပဒေမှာသွားပြီးတော့ ပြင်ထားတာမျိုးလည်း ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ ပိုပြီးတော့ ရှင်းရှင်းလင်းလင်းလည်း သိသွားအောင် ဦးခင်မောင်ဝင်းတို့ရဲ့ ဆန္ဒလည်းပြည့်သွားအောင် တင်ပြခြင်းကို ကျွန်တော်တို့အနေနဲ့ သဘောတူခြင်းဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိအတည်ပြုထားတဲ့ဥပဒေမှာကတော့ အချက် ၃၈ ချက်ပဲရှိပါတော့တယ်ဆိုတာလေး၊ အဲဒါလေး ကြိုတင်တင်ပြခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုနက အပိုဒ် ၄၄ လို့ပြောလို့၊ အဲဒီအပိုဒ် ၄၄ က။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မူလဥပဒေဖြစ်ပါတယ်။ ဒီမှာကတော့ ကျွန်တော်တို့က ၃၈ ချက်ပဲရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါပေမဲ့ အခုနက ဥပဒေကြမ်းကော်မတီက ခွင့်ပြုတယ်ဆိုလို့ တင်ပြချက်ကို။

**မူကြမ်း**

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သို့သော် ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဒီတင်ပြထားတဲ့အချက်၊ သူတို့တင်ပြထားတဲ့ ဆွေးနွေးချက်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ကန့်ကွက်လိုက်တယ်ဆိုလို့ရှိရင် တစ်မျိုးဖြစ်မှာစိုးတဲ့ အတွက် ကျွန်တော်တို့က ဆွေးနွေးတော့ ဆွေးနွေးပါ။ ဒါပေမယ့် ပေါင်းပြီးတော့ ဆွေးနွေးလိုက်ပါလို့ တင်ပြခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုနကတော့ ကျွန်တော်က ပုဒ်မတစ်ခုချင်း၊ အပိုဒ်တစ်ခုချင်း ဆုံးဖြတ်ရမှာဖြစ်တဲ့အတွက် ၄၄ ကို မမေးဘဲ ထားတာပါ။ လမ်းမတော်မဲဆန္ဒနယ်၊ ဦးခင်မောင်ဝင်း အပိုဒ် ၄၄ နှင့်ပတ်သက်ပြီး တင်ပြချင်ရင် တင်ပြနိုင်ပါပြီ။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေမှာ ကျွန်တော်တို့ အခုတွေ့နေရတဲ့အပိုင်းကတော့ ရှုပ်ရှုပ်ထွေးထွေးဖြစ်ပေမယ့်လို့ အဓိက ကျတဲ့အပိုင်းကတော့ ဒီဥပဒေကို ပြင်ဆင်သင့်သလား၊ မပြင်ဆင်သင့်ဘူးလား၊ သို့တည်းမဟုတ် ဥပဒေကိုပြင်ဆင်သင့် ပြီးလား၊ မပြင်ဆင်သင့်သေးဘူးလားဆိုတဲ့ အကြောင်းအရာပေါ်မှာ ကျွန်တော်တို့ အငြင်းပွားနေတာဖြစ်ပါ တယ်။ ဒီမှာ ပုဒ်မ ၄၄ မှာ ခုနတုန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ပြောသလိုပဲ ဒီဥစ္စာက ၁၉၅၄ ခုနှစ် ဥပဒေကို ပြင်ဆင်တာဖြစ်ပါတယ်။ အဲဒါကိုပဲ ကျွန်တော်က ဆွေးနွေးချင်ပါတယ်။ အဲဒီလိုဆွေးနွေးချင်တဲ့အတွက် ဥပဒေကြမ်းကော်မတီကို တင်ပြတဲ့ အခါကတည်းက ကျွန်တော် အဲဒီအပိုင်းကို တင်ပြခဲ့ပါတယ်။ သက်ဆိုင်တဲ့ ကော်မတီကလည်း နားထောင်ပြီးတော့ ခွင့်ပြုပါတယ်။ ဒါကြောင့်မို့ ဒုတိယဥက္ကဋ္ဌကြီးကို တင်ပြခွင့်ပြုပါလို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ကြိုပြီးတော့လည်း ကျွန်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးကို ပြောထားတော့ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးကလည်း တင်ပြတာတော့ တင်ပြပါလို့ ပြောတဲ့အတွက် တင်ပြလိုခြင်းဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကလည်းပဲ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော် ရောက်လာပြီးပါပြီ။ ဒါကြီးကို ပြင်ဆင်သင့်/မသင့်ဆိုတဲ့ဟာကို ဆွေးနွေးနေမယ်ဆိုလို့ရှိရင်တော့ ဒါမူလအစကတည်းက ဆွေးနွေးခဲ့ရမယ့် ကိစ္စပါ။ အခု ဆုံးဖြတ်၊ အတည်ပြုပြီးတော့ နောက်ဆုံး အချိန်ရောက်တော့မှ ဒီကိစ္စကိုပြန်ပြီးတော့ ကောက်မယ်ဆိုရင် မူလ တစ်ကနေပြန်စရသလို ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ခုနက အပိုဒ် ၄၄ ကိုခွင့်ပြုပါဆိုတဲ့အတွက်

အပိုဒ် ၄၄ ရှိခဲ့ရင်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ပါ။ သို့သော်လည်း အခု အပိုဒ် ၄၄ လည်း မရှိတော့ဘူးဆိုတော့ ဆွေးနွေးဖို့တော့ မဖြစ်နိုင်တော့ဘူးလို့လည်း ကျွန်တော် ယူဆပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ မူရင်းဥပဒေ ပုဒ်မ ၄၄။

**ဒုတိယဥက္ကဋ္ဌ**။ ။ မူရင်းဥပဒေ ပုဒ်မ ၄၄ ဆိုပေမယ့်လို့ ဒီမှာ ၄၄ မပါတော့ပါဘူးခင်ဗျား။ ၃၈ ပဲ ကျန်တော့တယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီး ခွင့်ပြုမယ်ဆိုရင်တော့ ပြည့်စုံအောင်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တင်ပြတောင်းဆိုတာပါ။ ကျွန်တော့်အနေနဲ့ တင်ပြဖို့ရန်အတွက် လိုအပ်မယ်ထင်လို့ တင်ပြတာပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခုနက ကိုယ်စားလှယ်ကြီးပြောတာက ဒီဥပဒေကိုပြဋ္ဌာန်းသင့်/မသင့် ဆိုတဲ့အကြောင်းကို ဆွေးနွေးမယ်လို့ပြောသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာက ပြဋ္ဌာန်းဖို့သင့်/မသင့် ဆွေးနွေးရမယ့် အချိန်မရောက်တော့ဘူး။ နောက်ဆုံးအဆင့်ကိုရောက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီထဲမှာပြောထားတဲ့ အပိုဒ်ကိုဆွေးနွေးမယ်ဆိုရင်သာ အပိုဒ်ကိုဆွေးနွေးဖို့ ခွင့်ပြုမှာဖြစ်ပါတယ်။ စတင်ဆွေးနွေးတုန်းကလည်း ဒေါ်ဇာတလဲမ်းပါခဲ့တဲ့အတွက် ကျွန်တော် ဒေါ်ဇာတလဲမ်းကိုလည်း ပထမတုန်းကတော့ ဆွေးနွေးခွင့်ပေးခဲ့ပါတယ်။ တကယ်တမ်းတည့်တည့်ပြောကြေးဆိုရင်တော့ ဒေါ်ဇာတလဲမ်းက ပြီးသွားပြီဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးဦးခင်မောင်ဝင်းအနေနဲ့ကတော့ တိတိကျကျပဲ ဘယ်ပုဒ်မမှာ ဘယ်လိုရှိပါသလဲဆိုတာကို ဆွေးနွေးသွားပြီးပြီဖြစ်တဲ့အတွက် ဒီပုဒ်မကိုပဲ အပိုဒ်၊ အပိုဒ်ခွဲကိုပဲ ပြောရမှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲမရှိတော့ဘဲနဲ့ ဆွေးနွေးမယ်ဆိုလို့ရှိရင်တော့ အဲဒီလိုအခွင့်အရေးကိုသာဆွေးနွေးခွင့်ပေးမယ်ဆိုရင် ကျန်တဲ့ကိုယ်စားလှယ် အကုန်လုံးလည်းဆွေးနွေးချင်ကြမှာပဲ။ ဒါကြောင့်မို့လို့ ဒီကိစ္စဟာ နောက်ဆုံးပိတ်အဆုံးသတ်ရောက်နေပြီဖြစ်တဲ့အတွက် ဒီနေရာမှာ ပြန်ပြီး တစ်ကနေစပြီးကောက်ပြီးတော့ ဆွေးနွေးခွင့်ပေးမယ်ဆိုရင် ကျန်တဲ့ကိုယ်စားလှယ်တွေကိုပါ ကျွန်တော်တို့ ဆွေးနွေးခွင့်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကိုယ်စားလှယ်ရဲ့ အခွင့်အရေးတော့မှန်တယ်။ သို့သော်လည်း အခွင့်အရေးကို အပြည့်အဝရရှိထားပြီးသား၊ ဥပဒေကြမ်းကော်မတီမှာလည်း ဆွေးနွေးပြီးသားဖြစ်တဲ့အတွက် ဒီမှာမပါတဲ့ဟာကိုတော့ ကျွန်တော် ဆက်လက်ဆွေးနွေးခွင့်မပြုနိုင်တော့ပါဘူးခင်ဗျား။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီး။ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးတုန်းက ခွင့်ပြုပါတယ်လို့ကော်မတီကရော၊ ဥပဒေကြမ်းကော်မတီရော ပြောပြီးသားပါ။ ဆွေးနွေးဖို့ပဲ ခွင့်တောင်းတဲ့အခါမှာ ခွင့်ပြုပါတယ်ဆိုပြီးတော့ ပြောပြီးသား။ သို့သော်ဒီမှာ ဇယား ရိုက်လာတဲ့အခါမှာ ကျန်ခဲ့တဲ့အတွက် ကျွန်တော်ထပ်ပြီးသေချာအောင် ထပ်မေးတဲ့အခါမှာ ခွင့်ပြုပါ တယ်လို့ ပြောပြီးသားပါ။ နောက်ပြီးတော့ ကျွန်တော်ပြောတာက။

**ဒုတိယဥက္ကဋ္ဌ**။ ။ တကယ်တော့ ခွင့်ပြုပါတယ်ဆိုရင်လည်း နဂိုကတည်းက တင်ထားခဲ့ဖို့လိုပါတယ်။ ခွင့်ပြုတယ်ဆိုတာ ဥပဒေကြမ်းဆွေးနွေးတုန်းက ကော်မတီမှာဆွေးနွေးတာ ဖြစ်ပါတယ်။ လွှတ်တော်ကြီးထဲမှာရောက်တဲ့အခါကျတော့ လွှတ်တော်မှာ ကျွန်တော်တို့ ဒီက ထိုင်ပြီး တာဝန်ယူဆုံးဖြတ်နေတဲ့လူက အဆုံးအဖြတ်ပေးရမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ သူ့ဟာသူ ကော်မတီမှာဆွေးနွေးတုန်းက ခွင့်ပြုတာ ကော်မတီမှာကြိုက်သလို ဆွေးနွေးလို့ရပါတယ်။ ဒီဆွေးနွေး တဲ့ဟာ ဒီမှာ တင်ပြလာတဲ့အခါမှာတော့ ဥပဒေကြမ်းကိုပဲ အပိုဒ်၊ အပိုဒ်ခွဲနဲ့ အကြောင်းအရာကိုပဲ ဆွေးနွေးရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာကိုတော့။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီး။ အဲဒီမှာမသဲမကွဲဖြစ်နေတဲ့ အချက်လေးရှင်းပြပါ့မယ်။ ကျွန်တော်တို့ လွှတ်တော်ကိုတင်ပြကတည်းက အဲဒီ အစီအစဉ်က ပါပါတယ်။ အဲဒီအစီအစဉ်က ကျန်ခဲ့လို့ ဆွေးနွေးနေခြင်းဖြစ်ပါတယ်။ မူလကတည်းက လွှတ်တော်ကို မတင်ပြခဲ့ဘူးဆိုရင် ကျွန်တော် ဆွေးနွေးစရာမလိုလည်းမလိုပါဘူး။ ဆက်လက်လည်း ဆွေးနွေးမှာ မဟုတ်ပါဘူး။ အဲဒီတုန်းက တင်ပြတဲ့အထဲမှာလည်း ပါခဲ့တယ်။ အဲဒီတုန်းကလည်း ခွင့်လည်း ခွင့်ပြုခဲ့တဲ့အတွက် နောက်ကျွန်တော်မေးတဲ့အချိန်မှာလည်း ဒီဥစ္စာက အမှတ်တမဲ့ကျန်ခဲ့တဲ့ သဘောမျိုး၊ လက်မခံလို့ ကျန်ခဲ့တဲ့သဘောမျိုးဆိုလည်း ကျွန်တော်ဆက်လက်ဆွေးနွေးစရာမရှိပါဘူး။ သူကျန်ခဲ့တဲ့အတွက် အဲဒီလိုဆိုရင်တော့ ဖြည့်စွက်ဆွေးနွေးပါ။ ဒုတိယဥက္ကဋ္ဌကြီးကိုလည်း ပြောထား ပါဦး။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ရှင်းလင်းပေးပါ။

**ဦးမောင်မောင်ဆွေ(ဥက္ကဋ္ဌ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားရတဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မူရင်းဥပဒေကို ပုဒ်မ ၄၄ မှာ အခုဥပဒေကို ကျွန်တော်တို့ ပြဋ္ဌာန်းတဲ့အတွက်ကြောင့်မို့လို့ ၅၄ ဥပဒေကို ပြန်လည်ရုပ်သိမ်းတယ်ဆိုတဲ့ဒီဟာလေးပါ။ အဲဒီတော့ ဒေါ်ခင်စန်းလှိုင် ဆွေးနွေးသွားတဲ့အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ကိုယ်စားလှယ်ကြီး ဦးခင်မောင်ဝင်း ကနေပြီးတော့မှ သူဆွေးနွေးချင်တယ်။ ဒီ ၅၄ ဥပဒေအတိုင်းပဲထားချင်တယ်။ ဒီဟာကြီးကို အသစ်မပြဋ္ဌာန်းသင့်ဘူးဆိုတဲ့ ပြောလာတဲ့အတွက်ကြောင့်မို့လို့ အဲဒါပြောမယ်ဆိုလို့ရှိရင်လည်း ပြောလို့ရပါတယ်။ ဒါဘယ်အပိုဒ်မှာရယ်လို့ တော့မဟုတ်ဘူး။ ကျွန်တော်တို့ ၄၄ က ဒီထဲမှာမပါလာတော့ ကျွန်တော်တို့ သူ့အနေနဲ့ ဆုံးဖြတ်ရခက်သွားတာဖြစ်ပါတယ်။ အဲဒီတော့ သူကဆွေးနွေးချင်တာကတော့ ၁၉၅၄ ခုနှစ် ဥပဒေကြီးကို မပယ်ဖျက်သင့်ဘူး။ ၁၉၅၄ ခုနှစ် ဥပဒေကြီးအတိုင်းပဲထားပြီးတော့မှ ဒီလိုအသစ်မပြဋ္ဌာန်းသင့်ဘူးဆိုတဲ့ ကျွန်တော်တို့နဲ့ ဆွေးနွေးတဲ့၊ ပြောတဲ့အချိန်တုန်းက ပြောတဲ့အတွက်ကြောင့်မို့လို့ ဆွေးနွေးချင်လို့ရှိရင်လည်း ဆွေးနွေးလို့ရပါတယ်။ ဒါပေမဲ့လို့ အပိုဒ် ၄၄ ကတော့ ခုနလို ဒီထဲမှာ မပါတဲ့အတွက် တစ်မျိုးဖြစ်သွားတာဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှင်းပါပြီ။ ဦးခင်မောင်ဝင်းအနေနဲ့ ခုနကပြောတဲ့အတိုင်းပဲ ကျွန်တော်တို့ ၁၉၅၄ ဥပဒေကို မပယ်ဖျက်သင့်ဘူး။ ၁၉၅၄ ဥပဒေအတိုင်းပဲထားသင့်တယ်။ အသစ်မပြဋ္ဌာန်းသင့်ဘူးလို့ ပြောတဲ့ပြည်သူများလည်းရှိပါတယ်။ ကျွန်တော်တို့ ဒီအသစ်ပြဋ္ဌာန်းသင့်တယ်လို့ ပြောတဲ့ပြည်သူများလည်း ရှိပါတယ်။ သို့သော်လည်း ပြဋ္ဌာန်းဖို့အတွက်ကို ဥပဒေက ရောက်လာပြီးသားဖြစ်တဲ့အတွက် အဲဒီတုန်းကတော့ ခုနက ဒေါ်ဇာတလဲမ်းကဲ့သို့ပဲ ကန့်ကွက်ရင် ကန့်ကွက်လိုက်တယ်ဆိုတဲ့အနေနဲ့ ဒီဟာကြီးတစ်ခုလုံးကို အစကတည်းက ကန့်ကွက်ဖို့ တစ်ကြောင်းပဲရှိပါတယ်။ အခုမှ ဒီဟာကြီးကို အကုန်လုံးအပြီးသတ်မှ ဦးခင်မောင်ဝင်း ကိုယ်တိုင်လည်းပဲ အပိုဒ်၊ အပိုဒ်ခွဲ၍ ဝင်ရောက်ဆွေးနွေးပြီးတဲ့အခါကျတော့မှပဲ ၁၉၅၄ ဥပဒေအတိုင်းပဲ ထားသင့်ပါတယ်။ ဒါကြီးမပြဋ္ဌာန်းသင့်ပါဘူးဆိုတဲ့ စကားပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီဟာပြောဖို့မလိုတော့ဘူးလို့ပဲ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာလည်းပဲ ကျွန်တော့်အနေနဲ့ပဲ ဆုံးဖြတ်ပါမယ်။ အပိုဒ်၊ အပိုဒ်ခွဲနဲ့ ပေးထားတဲ့ဟာမှာ ဒီမှာပေးထားခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ကပဲ ဆောင်ရွက်မှာဖြစ်ပါတယ်။ ကော်မတီမှာတုန်းကတော့ ကော်မတီဥက္ကဋ္ဌတွေက ခွင့်ပြုခဲ့ပေမယ့်လည်း ကော်မတီမှာပဲ ခွင့်ပေးလို့ရပါမယ်။ ဒီမှာတော့ ကျွန်တော်တို့က အစီအစဉ်အတိုင်းပဲ ဆောင်ရွက်မှာဖြစ်တဲ့အတွက်

ဦးခင်မောင်ဝင်းပြောမယ့်ဟာကို ကျေးဇူးတင်ပါတယ်။ သို့သော်လည်း ဒီမှာမပါတဲ့အတွက် ကျွန်တော် ခွင့်မပြုနိုင်တော့ပါဘူး။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကိုဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များမှ (၉)ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီအခါမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရဲ့ သဘောထားကွဲလွဲချက် (၉)ချက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ သဘောထားကွဲလွဲတဲ့ (၉)ချက်ကို ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်နိုင်ဖို့အတွက် တင်ပြသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေက မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီး လွှတ်တော် နှစ်ရပ် သဘောကွဲလွဲတဲ့အချက်(၉)ချက်ကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ဖို့ အဆို တင်သွင်းသွားပါတယ်။ ဤအဆိုကို ကလေးမဲဆန္ဒနယ်က ကျွန်တော် ဦးတင်လှိုင်က ထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့အချက်(၉)ချက်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့် ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲတဲ့(၉)ချက်ကို ပြည်ထောင်စုလွှတ်တော် သို့တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ အရဆက်လက်ဆောင်ရွက် သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှတ်ကြမ်း**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၆၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၅)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၄)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**